# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၄)၊ အမှတ်(၁၄၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

**သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင် ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System)အဖြစ် သတ်မှတ်ထား**

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အနီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။


**ယနေ့ ဖတ်စရာ**

ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာ — ပြည်တွင်းသတင်း စာ ၄

မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲအလွန် - စိန်ခေါ်မှုများကို ကျော်လွှားပြီး တည်ငြိမ်အေးချမ်းမှုဆီသို့ (၃) — ဆောင်းပါး စာ ၆

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

** ရှေ့ဖုံးမှ*

**သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

**မြို့နယ် (၂၉) မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့**

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သောပန်းများပွင့်သည့် အရိပ်ရသစ်မျိုး ၁၈ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယနေ့စိုက်သည့် နှစ်ရှည်ပင်များသည် အထူးအစီအစဉ်ဖြင့် စိုက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားသည့် ပရိဝုဏ်တော်ထဲတွင် သီးခြားစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ၁၂ လရာသီ ပန်းရနံ့များဖြင့် ဝေဆာစွာရှိနေစေရန် ပူဇော်နိုင်အောင်ရည်မှန်းပြီး သီးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် ၁၈ မျိုး စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်မှာ အပူပိုင်းဒေသ (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင် ၁၁ ရက်က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်းကျင်းပစိုက်ပျိုးခဲ့ကြကြောင်း၊ မြို့နယ် (၂၉) မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ဒုတိယအကြိမ်အဖြစ် ဩဂုတ် ၁၉ ရက် မင်းဘူးမြို့နယ်၊ မင်းဘူး - ပဒါန်း - အမ်း ကားလမ်းဘေးတစ်လျှောက်တွင် သစ်မျိုး(၇)မျိုး၊ သစ်ပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၈၇၉ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်ကို သိရသည့်အတွက် ကျေနပ်အားရဝမ်းသာမိသည်ကို ပြောကြားလိုကြောင်း။

**သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System) အဖြစ် သတ်မှတ်ထား**ကြောင်း၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေး စသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

**○ ယခုနှစ်တွင် ထူးခြားချက်မှာ အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင် ၁၁ ရက်က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်းကျင်းပစိုက်ပျိုးခဲ့၊ မြို့နယ် (၂၉) မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့**

*စာမျက်နှာ ၃ မှ*

စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို သေချာပေါက် အထောက်အကူပြု အကျိုးရှိစေမည်ဖြစ်ကြောင်း။

**တစ်အုပ်တစ်မ သစ်တောငယ်များ စိုက်ပျိုးတည်ထောင်သွားကြရမည်**

နိုင်ငံနှင့်အဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်းစသည့် စီမံကိန်းများကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ကျေးလက်ဒေသ ပြည်သူများအတွက် တစ်ရွာ (၂)ဧက စိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ အာဆီယံလမ်းဘေးဝဲယာ၊ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ၊ ရန်ကုန်-မန္တလေးအမြန်လမ်းဘေးဝဲယာအပါအဝင် ကားလမ်းများ၏ ဘေးဝဲယာများတွင် အရိပ်ရအပင်များ၊ တစ်အုပ်တစ်မသစ်တောငယ်များ စိုက်ပျိုးတည်ထောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင်ရထားလမ်းဘေးဝဲယာတစ်လျှောက်နှင့် သစ်ပင်သစ်တောကျဲပါးသည့် တောင်ကုန်းတောင်ထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများနှင့် သဘာဝရေထွက်ဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

အမှန်တကယ်မှာ သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းထက် လုပ်ရိုးလုပ်စဉ် မိရိုးဖလာသဘာဝတွင်လည်း ရှိပြီးကိစ္စဖြစ်ကြောင်း၊ မိမိအိမ်ဝင်းခြံထဲ၊ အိမ်ပတ်ဝန်းကျင်၊ မိမိရပ်ရွာဝန်းကျင်၊ မိမိလယ်ယာပတ်ဝန်းကျင်၊ မိမိစက်ရုံအလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီနေရာများတွင် တစ်ဦးချင်းကဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ပင်၊ နှစ်ပင်၊ သုံးပင်စသည်ဖြင့် တတ်နိုင်သလောက် ရှင်သန်အောင် နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးထူထောင်သွားကြမည်ဆိုပါက မိမိတို့ရည်မှန်းသည့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော်တွင် သစ်တောလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရှိစေရေး၊ သစ်တောသစ်ပင်တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးသည် မလွဲမသွေတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကိစ္စသည် လုပ်ရိုးလုပ်စဉ်အလုပ်လည်းဖြစ်၊ ပင်ပင်ပန်းပန်းလည်းမဟုတ်၊ ဆင်းရဲဒုက္ခမများသဖြင့် လုပ်ကြမည်၊ လုပ်နိုင်ကြမည်ဆိုပါက အလွန်အကျိုးရှိသော ကုသိုလ်ရမည့်လုပ်ဆောင်မှုဖြစ်လိမ့်မည်ကိုပြောကြားလိုကြောင်း၊ **ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားကို ထာဝရပူဇော်နိုင်ရန်ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက်ကြောင့် ရှင်သန်ဖြစ်ထွန်းအောင် အထူးစေတနာထား ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။**

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"**ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံအဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း (Landscape)များ၊ အစိမ်းရောင်ဧရိယာ (Green Space) များကို စဉ်ဆက်မပြတ်တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ လူတိုင်းလူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေး စည်းရုံးဆောင်ရွက်ကြရန်၊ ယခုကဲ့သို့ အချိန်၊ လူအင်အားနှင့် ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့်အပင်များကို တစ်ပင်စိုက် တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ဝိုင်းဝန်းထိန်းသိမ်း ပြုစုသွားကြရန်၊ နိုင်ငံအဝန်း သစ်ပင်သစ်တောများ စနစ်တကျ စိုက်ပျိုးထိန်းသိမ်း စီမံအုပ်ချုပ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

**ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေး**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

**ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေး**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

**တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုးများဖြစ်သော ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စကားဝါ၊ ပန်းမားငုံ၊ စွယ်တော်အပါအဝင် သစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❂ ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားကို ထာဝရပူဇော်နိုင်ရန် ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့် ပြည့်စုံသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက် ကြောင့် ရှင်သန်ဖြစ်ထွန်းအောင် အထူးစေတနာထား ဆောင်ရွက်**

# ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ**

**အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍**

**အသိပေးကြေညာခြင်း**

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက်သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှ စတင်ကာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့အထိ လျှောက်ထားနိုင်ပါသည်။

၂။ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် https://www.uec. gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

**မိမိတို့နိုင်ငံအနေဖြင့် ယုံကြည်စွာ လာရောက်ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်း တစ်ခု ဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လာရောက်ရင်းနှီးမြှုပ်နှံ

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ အမယ်သစ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်တွင်ပါဝင်သည့် ဦးစားပေးနယ်ပယ် ၈ ခုတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများ များစွာရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယုံကြည်စွာ လာရောက်ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ထွန်းလာစေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြစေလိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

### မေးမြန်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းများ၊ မူဝါဒများနှင့်အညီ ပို့ကုန်သွင်းကုန်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှုများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသည်။




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များ လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co.,Ltd ၏ Global R & D Center ၌ ကြည့်ရှုလေ့လာစဉ်။

### သွားရောက်လေ့လာ

နံနက်ပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co.,Ltd ၏ Global R & D Center သို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက စက်ရုံမှအဆင့်မြင့်နည်းပညာများဖြင့် ဆန်းသစ်တီထွင် ထုတ်လုပ်လျက်ရှိသည့် စက်ယန္တရားကြီးများ၊ EV စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ စက်ရုံမှထုတ်လုပ်သည့် EV Loader ဖြင့် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များ၌ အဝေးထိန်းစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုပြကွက်နှင့် ကမ္ဘာတစ်ဝန်း စီမံကိန်းကြီးများတွင် စက်ရုံထုတ်စက်ယန္တရားကြီးများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် ပြကွက်တို့ကို ရှင်းလင်းပြသပြီး နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျော့ဖုံးမှ*

ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နိုင်ငံအနေဖြင့် မန္တလေးလျောင်ကြီးအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်းရန် နှိုးဆော်

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၂၅၂၄၁၇၊ ၀၉၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲအလွန် - စိန်ခေါ်မှုများကို ကျော်လွှားပြီး တည်ငြိမ်အေးချမ်းမှုဆီသို့ (၃)

ကောင်းပြည့်

နိုင်ငံအတွင်းဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့ NCA ပါ သဘောတူညီချက်တွေအတိုင်း ဦးတည်ဆောင်ရွက်ကာ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်တွေကို ကြိုတင်သတ်မှတ်ချက်မထားဘဲ လွတ်လပ်စွာ ပြောဆိုဆွေးနွေးကြဖို့ ဖိတ်ခေါ်ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံအတွင်းဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် ဘယ်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းမဆို တွေ့ဆုံဆွေးနွေးဖို့ အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီဆိုတဲ့ ကော်မတီသုံးရပ်ကိုဖွဲ့စည်းပြီး ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်မှာ မူဝါဒငါးခု ချမှတ်ဆောင်ရွက်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေနဲ့ စတင်ဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ ခုနစ်ဖွဲ့၊ လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ အဖွဲ့သုံးဖွဲ့တို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း ၁၁၆ ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီတွေနဲ့ ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးလိုလားတဲ့ အခြားအဖွဲ့အစည်းတွေနဲ့ ၁၃ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုအရလာမယ့်လွှတ်တော်ကာလတွေမှာ အချို့ကိစ္စရပ်တွေကို လွှတ်တော်မှာ ဆွေးနွေးနိုင်ဖို့အတွက် သဘောတူညီမှု ဆွေးနွေးချက်တွေ ရရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အထွေထွေရွေးကောက်ပွဲကြီးပြီးဆုံးလို့ လွှတ်တော်ပေါ်ပေါက်လာတဲ့အခါ ဆက်လက်ဆောင်ရွက်ဖို့သာ လိုအပ်ပါတယ်။

### ကနဦးကာလဘာတွေ ရင်ဆိုင်ခဲ့ရသလဲ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီကျင့်စဉ်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တပ်မတော်သားများ၊ အရပ်သားများ (တိုင်းရင်းသားလူမျိုးစုံအပါအဝင်)နဲ့ မျှတစွာ ဖွဲ့စည်းခဲ့ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ကနေ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းရာမှာလည်း အရပ်ဘက်ပုဂ္ဂိုလ်တွေကိုသာ ဦးစီးလုပ်ဆောင်စေခဲ့ပါတယ်။

တာဝန်စယူစဉ်ကာလမှာ နိုင်ငံရေးထိုးနှက်မှုတွေနဲ့အတူ စီးပွားရေး ခလောက်ဆန်မှုတွေကြောင့် ဘဏ်လုပ်ငန်းတွေ ရပ်တန့်လုနီးပါး ဖြစ်ခဲ့ရပါတယ်။ ငွေထုတ်ယူမှု ကန့်သတ်ချက်တွေ၊ ATM တွေမှာ ငွေပြတ်လပ်မှုတွေ၊ အွန်လိုင်းဘဏ်စနစ်တွေ၊ မတည်မငြိမ်ဖြစ်မှုတွေကြောင့် ပြည်သူတွေ ငွေကြေးသုံးစွဲရာမှာ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါတယ်။ နိုင်ငံရေးမတည်ငြိမ်မှုနဲ့ ပဋိပက္ခတွေကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ ရပ်ဆိုင်းတာ၊ စီးပွားရေးလုပ်ငန်းတွေ ပိတ်သိမ်းတာ၊ ကုန်သွယ်ရေး ထိခိုက်တာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နိုင်ငံတကာရဲ့ စီးပွားရေးပိတ်ဆို့မှုတွေကလည်း စီးပွားရေးအခြေအနေကို ထိခိုက်နစ်နာစေခဲ့ပါတယ်။

> “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပြန်လည်ရရှိဖို့နဲ့ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်ဖို့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးဆိုင်ရာလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုတွေကြောင့် ပျက်စီးခဲ့ရတဲ့ အစိုးရအဆောက်အအုံတွေ၊ အခြေခံအဆောက်အအုံတွေနဲ့ အများပြည်သူပိုင်ပစ္စည်းတွေကို ပြန်လည်ပြုပြင်ခြင်း၊ လုံခြုံရေးတိုးမြှင့်ခြင်းတွေ ဆောင်ရွက်ခဲ့ရပါတယ်”

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပြန်လည်ရရှိဖို့နဲ့ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်ဖို့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးဆိုင်ရာ လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုတွေကြောင့် ပျက်စီးခဲ့ရတဲ့ အစိုးရအဆောက်အအုံတွေ၊ အခြေခံအဆောက်အအုံတွေနဲ့ အများပြည်သူပိုင်ပစ္စည်းတွေကို ပြန်လည်ပြုပြင်ခြင်း၊ လုံခြုံရေးတိုးမြှင့်ခြင်းတွေ ဆောင်ရွက်ခဲ့ရပါတယ်။

ဒါ့အပြင် ဘဏ်လုပ်ငန်းတွေ ပုံမှန်လည်ပတ်နိုင်ဖို့၊ ငွေကြေးလည်ပတ်မှု ပြန်လည်ကောင်းမွန်လာစေဖို့အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးတာ၊ ငွေကြေးမူဝါဒတွေကို ပြန်လည်ထိန်းညှိတာ၊ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့ လိုအပ်မှုတွေ ပံ့ပိုးပေးတာတွေကို ဆောင်ရွက်ခဲ့ရပါတယ်။ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ဖို့၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဖိတ်ခေါ်ဖို့တို့ကိုလည်း အားထုတ်ဆောင်ရွက်ခဲ့ရပါတယ်။

ပညာရေးနဲ့ကျန်းမာရေးကဏ္ဍမှာ အကြီးအကျယ် ထိခိုက်ခဲ့ရမှုအပေါ် ကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပညာရေးစနစ် ပုံမှန်လည်ပတ်နိုင်ရေးနဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ ပြည်သူတွေ အလွယ်တကူရရှိနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရပါတယ်။ Disloyal Civil Servant (DCS) လှုပ်ရှားမှုကြောင့် ရပ်ဆိုင်းခဲ့တဲ့ ဝန်ဆောင်မှုတွေကို ပြန်လည်စတင်နိုင်ဖို့ ဝန်ထမ်းအင်အားဖြည့်တင်းခြင်းနဲ့ လိုအပ်တဲ့အထောက်အပံ့ပေးခြင်းတွေ လုပ်ဆောင်ခဲ့ရပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်သွယ်ရေးပြတ်တောက်မှုနဲ့ အခြေခံအဆောက်အအုံပျက်စီးခဲ့မှုအပေါ် ဆက်သွယ်ရေးလိုင်းတွေ ပြန်လည်ပြုပြင်ခြင်း၊ အင်တာနက်ဝန်ဆောင်မှုတွေ ပြန်လည်ကောင်းမွန်စေဖို့ ဆောင်ရွက်ခြင်းနဲ့ လမ်းပန်းဆက်သွယ်ရေးကွန်ရက်တွေ ပြန်လည်တည်ဆောက်ခြင်းတွေကို လုပ်ဆောင်ခဲ့ရပါတယ်။ အထူးသဖြင့် ပြည်သူတွေရဲ့ နေ့စဉ်ဘဝနဲ့ စီးပွားရေးလုပ်ငန်းတွေ ပုံမှန်ပြန်ဖြစ်စေဖို့ ရည်ရွယ်လုပ်ဆောင်ခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ အဲဒီကာလအခြေအနေကို နိုင်ငံတကာရဲ့ နားလည်မှုရယူနိုင်ဖို့နဲ့ ချစ်ကြည်ရင်းနှီးတဲ့ နိုင်ငံတကာဆက်ဆံရေးကို ထိန်းသိမ်းနိုင်ဖို့အတွက်လည်း သံတမန်ရေးရာ ဆောင်ရွက်မှုတွေကို လုပ်ဆောင်ခဲ့ရပါတယ်။ ဒေသတွင်းနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းတွေထားရှိပြီး နိုင်ငံတော်ရဲ့ အကျိုးစီးပွားကိုကာကွယ်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရပါတယ်။

> “ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်သွယ်ရေးပြတ်တောက်မှုနဲ့ အခြေခံအဆောက်အအုံပျက်စီးခဲ့မှုအပေါ် ဆက်သွယ်ရေးလိုင်းတွေ ပြန်လည်ပြုပြင်ခြင်း၊ အင်တာနက်ဝန်ဆောင်မှုတွေ ပြန်လည်ကောင်းမွန်စေဖို့ ဆောင်ရွက်ခြင်းနဲ့ လမ်းပန်းဆက်သွယ်ရေးကွန်ရက်တွေ ပြန်လည်တည်ဆောက်ခြင်းတွေကို လုပ်ဆောင်ခဲ့ရပါတယ်။ အထူးသဖြင့် ပြည်သူတွေရဲ့ နေ့စဉ်ဘဝနဲ့ စီးပွားရေးလုပ်ငန်းတွေ ပုံမှန်ပြန်ဖြစ်စေဖို့ ရည်ရွယ်လုပ်ဆောင်ခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ အဲဒီကာလအခြေအနေကို နိုင်ငံတကာရဲ့ နားလည်မှုရယူနိုင်ဖို့နဲ့ ချစ်ကြည်ရင်းနှီးတဲ့ နိုင်ငံတကာဆက်ဆံရေးကို ထိန်းသိမ်းနိုင်ဖို့အတွက်လည်း သံတမန်ရေးရာဆောင်ရွက်မှုတွေကို လုပ်ဆောင်ခဲ့ရပါတယ်။ ဒေသတွင်းနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းတွေထားရှိပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရပါတယ်”

### ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေလုပ်ခဲ့သလဲ

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့နိုင်ငံဖြစ်ပြီး လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသမှာ နေထိုင်ပါတယ်။ လူဦးရေ ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်က လယ်ယာ၊ သားငါး၊ သစ်တောနဲ့ ဆက်စပ်လုပ်ငန်းတွေ လုပ်ကိုင်ကြတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံလူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကျော်က ပညာရေးအသင့်အတင့်သာရှိတာမို့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို နည်းစနစ်တကျလုပ်ဆောင်ဖို့ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းဖို့နဲ့ နိုင်ငံ့စီးပွားတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ဖို့အတွက် နယ်ပယ်အသီးသီးမှ လုပ်ငန်းစဉ်တွေကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရတယ်ဆိုတာ မြင်နိုင်ပါတယ်။

ဒါ့အပြင် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်နဲ့ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးတို့ကို အဓိကထား အရှိန်အဟုန်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီရည်မှန်းချက်တွေဟာ နိုင်ငံရေရှည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံအုတ်မြစ်တွေပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကမောင်းနှင်အားဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေး၊ စက်မှုကဏ္ဍနဲ့ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာ ကော်မရှင်တွေကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒါတွေက စိုက်ပျိုးရေးနဲ့မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နဲ့ လျှပ်စစ်နဲ့ စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်တို့ ဖြစ်ပါတယ်။

စားရေရိက္ခာဖူလုံရေးအတွက် အဓိကအခန်းကဏ္ဍဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကို အထူးအလေးထားလျက်ရှိပါတယ်။ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရေးရာသီအတွင်း မိုးစပါးဧက ၁၄ ဒသမ ၈ သန်းကျော်၊ နွေစပါး ဧက ၂ ဒသမ ၀၉ သန်းကျော်၊ ပြောင်းမျိုးစုံ ဧက ၂ ဒသမ ၁ သန်းကျော်၊ ဆီထွက်သီးနှံ ၃ ဒသမ ၂ သန်းကျော်နဲ့ ပဲမျိုးစုံ သုံးသန်းကျော် စိုက်ပျိုးပြီးစီးခဲ့ပါတယ်။ ပြည်ပကနေ စားသုံးဆီ နှစ်စဉ် ဒေါ်လာသန်း ၅၀၀ ကျော်ဖိုး တင်သွင်းနေရတာကို ၂၀၂၆ ခုနှစ်မှာ လျှော့ချဖို့ စီမံဆောင်ရွက်နေပါတယ်။ ဆီထွက်နှုန်းကောင်းတဲ့ နှမ်းနဲ့နေကြာ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ မွေးမြူရေးနဲ့ ပတ်သက်လို့လည်း ဒေသထွက်ကုန်ကြမ်းတွေကို အသုံးပြုပြီး အောင်မြင်တဲ့ မွေးမြူရေးလုပ်ငန်းတွေ ဖြစ်အောင် ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှစလို့ ကုန်သွယ်မှုမြှင့်တင်ရေး၊ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအထိ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ MSME လုပ်ငန်းတွေကို ၂၀၂၂ ခုနှစ်မှစလို့ နိုင်ငံအနှံ့ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ကုန်ကြမ်းရရှိရေး၊ တန်ဖိုးမြင့်ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ပြည်ပတင်ပို့ရေး၊ သွင်းအားစုနဲ့ဘဏ္ဍာငွေ အကူအညီပေးရေး၊ လူသားအရင်းအမြစ်များ ရရှိရေးတို့ကို အားပေးခဲ့ပါတယ်။ ဆက်လက်ပြီးလည်း အားပေးလျက်ရှိပါတယ်။

ပြည်တွင်းပြည်ပ ကုန်သွယ်မှုမြှင့်တင်ဖို့အတွက် မူဝါဒတွေချမှတ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဆွဲဆောင်ဖို့ ကြိုးပမ်းခြင်း၊ စီးပွားရေးဇုန်တွေ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ ကုန်သွယ်မှုလိုငွေကို လျှော့ချဖို့ ကြိုးပမ်းခြင်းနဲ့

*စာမျက်နှာ ၇ သို့*

# ကျောက်ဆည်မြို့နယ်၌ ကလိုရင်းဆေးခတ်ခြင်းနှင့် ရေသန့်ဆေးပြားများ ပေးဝေ

**ကျောက်ဆည် စက်တင်ဘာ ၁၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မိုးရွာသွန်းမှုများကြောင့် မိုးရေများဝင်ရောက်လျက်ရှိသည့် ကြက်မင်းတွန်ရပ်ကွက် မြေနိမ့်ပိုင်းလူနေအိမ်များတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျန်းမာရေးအသိပညာပေးခြင်း၊ ကလိုရင်းဆေးခတ်ခြင်းနှင့် ရေသန့်ဆေးပြားများ ပေးဝေခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နှင်းနှင်းသူ ဦးဆောင်သည့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့က မိုးရေဝင်ရောက်လျက်ရှိသော ကြက်မင်းတွန်ရပ်ကွက်ရှိ လူနေအိမ်များသို့ ပိုးလောက်လမ်းနှိမ်နင်းခြင်းနှင့် ရေညစ်ရေသိုးများ ဝင်ရောက်သည့် ရေတွင်းသုံးတွင်းအား ကလိုရင်းဆေးခတ်ပေးပြီး ရေကန် ၁၃ ကန်၊ ရေစည် ၂၀ စည်နှင့် ရေအိုးများတွင် အသုံးပြုရန် ရေသန့်ဆေးပြား ၅၅၀ ပေးဝေခဲ့ကြောင်း သိရသည်။



**သက်မောင်(ကျောက်ဆည်)**

# နေပြည်တော်စာပေဝိုင်း စာပေဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**
နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ ဆရာမများနှင့် စာပေဝါသနာရှင်များဖြင့် လစဉ် စာပေဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ တက်ရောက်လာကြသည့် စာရေးဆရာများနှင့် စာပေဝါသနာရှင်များက စာရေးဆရာကြီး ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် ''ခေါင်းဆောင်ကောင်း'' စာအုပ်ပါ ခေါင်းဆောင်တစ်ဦး၏ အတွေးအမြင်၊ အရည်အချင်း၊ အတွေ့အကြုံများနှင့် ခေါင်းစဉ်များ ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

နေပြည်တော်စာပေဝိုင်းသို့ အလှည့်ကျသဘာပတိ စာရေးဆရာကြီး ဘကျော်(နေပြည်တော်)၊ ဂုဏ်ထူးဆောင်နာယက၊ ပခုက္ကူစာပေတစ်သက်တာဆုရှင် ဆရာမကြီး တင်ရီမ (ညောင်ဦး)၊ အမျိုးသားစာပေဆုရ စာရေးဆရာ စိုးတင့်(ရောဝတီ)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ ဆရာမများနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

**အောင်သူရဦး (ဒက္ခိဏ)**



# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်



**ကျိုက်ထို စက်တင်ဘာ ၁၆**
ကျိုက်ထိုမြို့နယ်၌ ယနေ့နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက်ရှိ အမက ကော့ဘိန်း-၁ ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြင်ပစာပေများကို လေ့လာဖတ်ရှုကြရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ကျေးသီးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေး

**ကျေးသီး စက်တင်ဘာ ၁၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းယဉ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတေဇာဖြိုးမင်းတို့က ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမားဆိုင်ရာ အသိပညာများအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းငင်း(ပြန်/ဆက်)**

# ပြည်ကြီးတံခွန်မြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**ပြည်ကြီးတံခွန် စက်တင်ဘာ ၁၆**
ပြည်ကြီးတံခွန်မြို့နယ် ယာတော်ရပ်ကွက်နှင့် တောင်မြင့်ရပ်ကွက်တို့၌ ယနေ့ နံနက်ပိုင်းက ဦးမြရာကြွယ်ဓမ္မာရုံနှင့် ဘာသာရေးစာသင်ကျောင်းတို့၌ ရပ်ကွက်နေ ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်(၂) ဦးကျော်စိုးဝင်းက မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး အခမ်းအနားသို့ ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းထွန်းကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာတော်ရပ်ကွက်နေပြည်သူ ၅၅၀ ခန့် တောင်မြင့်ရပ်ကွက်နေပြည်သူ ၁၀၀၀ ခန့် တက်ရောက်ကာ စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။



**ဇင်မင်းမောင်**

# ညောင်ဦးမြို့၌ ဆီထွက်သီးနှံမြေပဲ မွှားပင့်ကူနီကျရောက်မှုနည်းပညာပေး ဟောပြော

**ညောင်ဦး စက်တင်ဘာ ၁၆**
ညောင်ဦးမြို့နယ်၌ မြေပဲမွှားပင်ကူနီကျရောက်မှု ကာကွယ်နှိမ်နင်းနည်းများ နည်းပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးရီက သီးနှံပိုးကျရောက်မှုအခြေအနေ ကာကွယ်နှိမ်နင်းနည်းများ ပညာပေးဆောင်ရွက်မှုများကို ပြောကြားပြီး ဒုတိယဦးစီးမှူး ဦးမျိုးထက်ထန်က မြေပဲသီးနှံတွင် ကျရောက်သည့် မွှားပင်ကူနီပိုး၏ ဘဝစက်ဝန်း နေထိုင်စားသောက်ဖျက်ဆီးမှု ကာကွယ်နှိမ်နင်းနည်းများ၊ IPM ဘက်စုံကာကွယ်နှိမ်နင်းနည်းများကို ပညာပေးဟောပြောသည်။

**ဒီပါလင်း**



*စာမျက်နှာ ၆ မှ*
ဒေသတွင်းကုန်သွယ်မှုကွန်ရက်များ ချဲ့ထွင်ခြင်းတွေကိုလည်း အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ငွေကြေးဖောင်းပွမှု ထိန်းချုပ်ခြင်းနဲ့ ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းခြင်းတို့ကိုလည်း ဗဟိုဘဏ်ရဲ့ မူဝါဒတွေကို ကြီးကြပ်ခြင်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

GDP တိုးတက်မှုနှုန်းကို ကြည့်မယ်ဆိုရင် ၂၀၂၀-၂၀၂၁ ခုနှစ်မှာ (-) ၅ ဒသမ ၉ ရာခိုင်နှုန်း ရှိရာမှ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လတာကာလမှာ (+) ၂ ဒသမ ၄ ရာခိုင်နှုန်းကို တက်လာခဲ့ပါတယ်။ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ ၃ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်မှာ ၃ ဒသမ ၅ ရာခိုင်နှုန်း စီးပွားရေးတိုးတက်မှုရရှိခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်မှာ ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။

ဒါတွေသာမက ပြည်သူလူထု လူမှုဘဝမြှင့်တင်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးစီမံခန့်ခွဲမှုနဲ့ အခြေခံအဆောက်အအုံတွေ တိုးတက်ကောင်းမွန်ရေးတွေကိုလည်း အလေးထားဆောင်ရွက်ပေးခဲ့ပါတယ်။ ပညာရေးကဏ္ဍမှာ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်ကို စီမံခန့်ခွဲခြင်း၊ ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ခြင်း၊ သင်ရိုးညွှန်းတမ်းတွေ ပြင်ဆင်ခြင်း၊ ဆရာ ဆရာမ ခန့်အပ်ခြင်းနဲ့ ပညာရေးအရည်အသွေးမြှင့်တင်ဖို့ ကြိုးပမ်းခြင်းတို့အပြင် နည်းပညာနဲ့ သက်မွေးပညာကဏ္ဍကို အားပေးခဲ့ပါတယ်။ အထူးသဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ခွင့်ရရှိရေးနဲ့ ပညာရေးဆုံးခန်းတိုင်စေရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေအနေနဲ့ ဆေးရုံ၊ ဆေးခန်းများ လည်ပတ်ရေးကြီးကြပ်ခြင်း၊ ကပ်ရောဂါများ (ဥပမာ- ကိုဗစ် -၁၉) ထိန်းချုပ်ရေးနဲ့ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ဆောင်ရွက်ခြင်းတွေအပြင် ကျန်းမာရေးဝန်ထမ်းတွေရဲ့ လုံခြုံရေးနဲ့ လုပ်ငန်းခွင်တည်ငြိမ်ရေးတို့ကို အဓိကဆောင်ရွက်နေပါတယ်။ ''ဆေးရုံရှိရင် ဆရာဝန်ရှိရမယ်''ဆိုတဲ့ မူဝါဒနဲ့ ဆေးရုံတွေ အဆင့်မြှင့်တင်ခြင်း၊ ဆေးရုံအားလုံးမှာ ဆရာဝန် ရှိစေရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ။

> **“ဒါ့အပြင် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်နဲ့ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးတို့ကို အဓိကထား အရှိန်အဟုန်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီရည်မှန်းချက်တွေဟာ နိုင်ငံရေရှည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံအုတ်မြစ်တွေပဲ ဖြစ်ပါတယ်”**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ သစ်တောစိုက်ခင်းများနှင့် ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့ မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်အတွင်းရှိ သစ်တောစိုက်ခင်းများ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မုန်ချောင်းပေါက်ကျေးရွာအနီးရှိ၂၀၂၅ မိုးရာသီတွင် စိုက်ပျိုးထားသည့် ၁/၂၀၂၅ ကျေးရွာသုံးထင်းစိုက်ခင်း ၁၀ ဧက၏ ရှင်သန်အောင်မြင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အပူပိုင်းဒေသရာသီဥတု၊ မြေအမျိုးအစားနှင့် ကိုက်ညီသော ဒေသမျိုးရင်းသစ်မျိုးများအား ရွေးချယ်စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးထားသောအပင်များ ရှင်သန်ကြီးထွားအောင်ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ၁/၂၀၂၄ ကျေးရွာထင်းစိုက်ခင်းဧက ၂၀ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေနှင့် မကွေး - ကံပြား - နတ်မောက် ကားလမ်း လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မတမာစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ်ရှိ မကွေး - ရေနံချောင်းကားလမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ပျိုးထားသည့် မိုင်တိုင် ၃၃/၆ ရှိ တမာ၊ ယူကလစ် တစ်အုပ်တစ်မစိုက်ခင်းအပင် ၂၀၀၀ ကိုလည်းကောင်း၊ မိုင်တိုင် ၃၄/၀ အနီးရှိ တမာ၊ ဖျောက်ဆိပ် တစ်အုပ်တစ်မစိုက်ခင်းအပင် ၁၀၀၀ ကိုလည်းကောင်း၊ မိုင်တိုင် ၃၄/၀/၂ ရှိ တမာ၊ ရင်းမာ၊ ဖျောက်ဆိပ်၊ ပိတောက် တစ်အုပ်တစ်မစိုက်ခင်း အပင် ၄၀၀ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးသစ်တောစိုက်ခင်းများ တည်ထောင်ရေး၊ သဘာဝတောကျန်များ ထိန်းသိမ်းရေး၊ ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်ရေး၊ ကျေးရွာ ထင်းစိုက်ခင်းနှင့် တစ်ရွာ နှစ်ဧကေ ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။



ဆက်လက်၍ မကွေးမြို့နယ် ဒေါင်းနေတိုးချုံကြိုးပြင်ကာကွယ်တောအတွင်း ၂၀၂၅ မိုးရာသီတွင် စိုက်ပျိုးထားသည့် ၃/၂၀၂၅ အထူးစိမ်း ဒဟက်၊ မဲဇလီ တစ်အုပ်တစ်မစိုက်ခင်းအပင် ၄၀၀၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် မကွေးမြို့ရှိ မြို့မသစ်တောပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မုံရွာ စက်တင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပျော်ရွှင်ဖွယ်ကောင်းသည့် ပတ်ဝန်းကျင်၊ ကောင်းမွန်သန့်ရှင်းသည့် ဂေဟစနစ်များ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေး သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှပေးပို့သည့် သဝဏ်လွှာဗီဒီယိုနှင့် အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် “သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပါမည်” တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။



ဆက်လက်၍ ခန်းမအတွင်းခင်းကျင်းပြသထားသော လေ၊ ရေ၊ မြေ တိုင်းတာရေးစက်ကိရိယာများ၊ အအေးပေးပစ္စည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရပန်းချီများကို ကြည့်ရှုအားပေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းမှုကို ထိန်းချုပ်ကန့်သတ်ခြင်း၊ အသိပညာပေးခြင်းနှင့် အိုဇုန်းလွှာပျက်စီးစေသည့် အအေးပေးပစ္စည်းများသုံးစွဲမှု လျှော့ချခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃၉) သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုဇုန်းယူနစ်အဖွဲ့ဝင် ကိုယ်စားလှယ်များနှင့် လေအေးပေးစက်ဆိုင်ရာ ပညာရှင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး **(ယာပုံ)** က မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်ဖြစ်ပြီး အဆိုပါစာချုပ်၏ ပြင်ဆင်ချက်လေးခုဖြစ်သော လန်ဒန်ပြင်ဆင်ချက်၊ ကိုပင်ဟေဂင် ပြင်ဆင်ချက်၊ မွန်ထရီယယ် ပြင်ဆင်ချက်၊ ပေကျင်းပြင်ဆင်ချက်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ကာ အိုဇုန်းလွှာထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့် လိုက်နာရမည့် ကတိကဝတ်များကို အပြည့်အဝ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်၏ ပဉ္စမမြောက် ပြင်ဆင်ချက်ဖြစ်သည့် ကီဂါလီပြင်ဆင်ချက်တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မွန်ထရီယယ် သဘောတူစာချုပ် အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စာချုပ်ပါ သတ်မှတ်ချက်များ၊ ကတိကဝတ်များနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ ထုတ်လုပ်မှု၊ သုံးစွဲမှုများကို ကန့်သတ်ထိန်းချုပ်ခြင်းအား အခြားကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ဆောင်ရွက်လျက်ရှိပြီး အိုဇုန်းအတွင်းရေးမှူးချုပ်ရုံးမှ နှစ်စဉ်ကျင်းပသည့် နိုင်ငံတကာအစည်းအဝေးများတွင် မပျက်မကွက် တက်ရောက်ဆွေးနွေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံသို့ နှစ်စဉ်တင်သွင်းအသုံးပြုနေသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) ၊ မီသိုင်းဘရိုမိုဒ် (MBr)နှင့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) ဆိုင်ရာ Country Programme Data နှင့် Article 7 Data Report တို့ကို အိုဇုန်းအတွင်းရေးမှူးချုပ်ထံ တင်သွင်းခြင်းစသည့် မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ဝတ္တရားများကို မပျက်မကွက် ဆောင်ရွက်လျက်ရှိပါကြောင်း။






ထို့ပြင် အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းမှုကို ထိန်းချုပ်ကန့်သတ်ခြင်းလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အိုဇုန်းလွှာပျက်စီးစေသည့် အအေးပေးပစ္စည်းများ သုံးစွဲမှုလျှော့ချခြင်းတို့ကို ကမ္ဘာ့နိုင်ငံများနည်းတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတစ်ဦးတစ်ယောက်ချင်းကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရည်မှန်းချက်ပန်းတိုင်သို့ ချောမွေ့အောင်မြင်စွာ ရောက်ရှိနိုင်မည်ဖြစ်သောကြောင့် အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရပ်စ်၏ သဝဏ်လွှာကို ဖတ်ကြားသည့် Video၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး Video၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Inger Andersen ၏ Memorial Video ပြသခြင်းအစီအစဉ်များကို ကြည့်ရှုအားပေးပြီး အိုဇုန်းအသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ -The Soul Treasure of Myanmar ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ – The Soul Treasure of Myanmar ကို ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ နန်နင်းကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာ့ကျောက်စိမ်းသည် တရုတ်နိုင်ငံတွင် လူသိများထင်ရှား၍ ဈေးကွက်ရရှိပြီးဖြစ်သည့် ထုတ်ကုန်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာ့အရည်အသွေးမြင့် ကျောက်မျက်ရတနာများဖြစ်သည့် ပတ္တမြားနှင့် နီလာတို့ကိုလည်း တရုတ်နိုင်ငံ ဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်ရန်ရည်ရွယ်၍ ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့် မြန်မာ့ပတ္တမြားသည် မြန်မာနိုင်ငံ မိုးကုတ်ဒေသမှ အဓိကထွက်ရှိပြီး မိုးကုတ်ပတ္တမြားကို ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက တော်ဝင်နန်းသုံး ရတနာအဖြစ် တန်ဖိုးထားအသုံးပြုခဲ့ကြပါကြောင်း၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ ကက်ရှ်မီးယား၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အမေရိကန်နိုင်ငံတို့တွင် နီလာကို ထွက်ရှိပြီး မြန်မာ့နီလာသည် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အရည်အသွေးအကောင်းဆုံးဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားကို တရုတ်နိုင်ငံ ကွမ်ရှီး၊ ကွမ်တုံ၊ ဟူနန်၊ ယူနန်၊ ဟိုင်နန်၊ ဟောင်ကောင်၊ မကာအိုနှင့် အခြားဈေးကွက်အလားအလာရှိသော ဒေသများမှ ကုန်သည်လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည့်အတွက် မြန်မာ့ပတ္တမြားနှင့် နီလာကုန်သည်လုပ်ငန်းရှင်များနှင့် ဈေးကွက်ချိတ်ဆက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇင်က မြန်မာ့ပတ္တမြားနှင့် နီလာ တရုတ်နိုင်ငံဈေးကွက်ရရှိရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြဆွေးနွေးပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)နှင့် မြန်မာကုန်သွယ်ရေးစင်တာ (ဟိုင်နန်)တို့အကြား တရုတ်နိုင်ငံတွင် မြန်မာ့ကျောက်မျက်ရတနာဈေးကွက်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်စာလွှာကို လဲလှယ်ကြသည်။

ယင်းနောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်းပြသပြီး (ဝဲပုံ) တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များသည် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံလက်ဖက်အသင်းမှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး မြန်မာ့လက်ဖက်နှင့် လက်ဖက်ခြောက်များကို ခင်းကျင်းပြသသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းပညာရပ်သည် ကျန်းမာရေးအရ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေသည့်အပြင် မိမိကိုယ်ကိုလုံခြုံမှု၊ ဆုံးဖြတ်ချက်မှန်ကန်စွာ ချမှတ်နိုင်မှု၊ အပြန်အလှန်လေးစားမှု စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရိုးရာကိုယ်ခံပညာနှင့်မြန်မာ့ရိုးရာသိုင်းသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်(၁)ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။





ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာ သိုင်းနည်းပြများနှင့် ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်း သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး(ဝဲပုံ)က ယခုဖွင့်လှစ်သည့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များတွင် လုံခြုံရေး အဓိကတာဝန်ယူထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းပညာရပ်သည် ကျန်းမာရေးအရလည်း ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုရရှိစေနိုင်သည့်အပြင် မိမိကိုယ်ကိုလုံခြုံမှု၊ လျင်မြန်ဖျတ်လတ်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမွန်မှု၊ ဆုံးဖြတ်ချက်မှန်ကန်စွာ ချမှတ်နိုင်မှု၊ အပြန်အလှန်လေးစားမှု စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကိုယ်ခံပညာကို စနစ်တကျတတ်မြောက်ထားခြင်းဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ယုံကြည်မှုရှိရှိနှင့် ပြည့်ပြည့်ဝဝတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသိုင်းပညာရပ် ဆက်လက်ပြန့်ပွားနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်း နည်းပြများအား ချီးမြှင့်ထောက်ပံ့ငွေနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဟိုတယ်ဇုန်အတွင်းရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ တက်ရောက်ကြပြီး ရက်သတ္တပတ်လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် (ယာပုံ)က ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားဆောင်ပုဒ်သည် “အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး– From science to global action” ဖြစ်ပြီး ဆောင်ပုဒ်၏ ရည်ရွယ်ချက်အနေဖြင့် ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြေရှင်းရာတွင် သိပ္ပံပညာအရေးပါမှုကို မီးမောင်းထိုးပြသရန်ဖြစ်ကြောင်း၊ မွန်ထရီယယ်စာချုပ်နှင့် နောက်ဆက်တွဲပြင်ဆင်ချက်များကြောင့် အိုဇုန်းလွှာပါးလွှာမှုသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ပြန်လည်ကောင်းမွန်လာခဲ့ကြောင်း၊ သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ၏ စူးစမ်းလေ့လာရှာဖွေမှုတို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှုအား လျှော့ချ၊ ရပ်ဆိုင်းမှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ ပြန်လည်ကောင်းမွန်လာခြင်းဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟာစနစ်ကို လက်ဆင့်ကမ်းနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအပြင် အိုဇုန်းလွှာထိန်းသိမ်းခြင်းလုပ်ငန်းကလည်း များစွာအရေးပါသည့်အတွက် လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့ ဟန်ချက်ညီညီ အချင်းချင်းအကျိုးပြုနေထိုင်သွားရင်း ကောင်းမွန်လှပသောအနာဂတ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယို၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယိုနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုများကို ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် သရုပ်ဖော်ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြေသြဇာဖိုးချွေတာပြီး စပါးအထွက်တိုးစေမည့် အရွက်အရောင်တိုင်းကတ် LCC အသုံးပြုခြင်းနည်းပညာ

**စပါးသီးနှံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံကျော်အတွက် အရေးအကြီးဆုံးနှင့် အဓိကကျသော သီးနှံတစ်ခုဖြစ်ပါသည်။ အထူးအထွက်တိုး စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် ဓာတ်မြေသြဇာများ အထူးသဖြင့် နိုက်ထရိုဂျင်မြေသြဇာကို အရှိန်မြှင့် သုံးစွဲလာသည်ကို တွေ့ရှိရသည်။**

ဒေါက်တာခင်ခင်ဝေ (စိုက်ပျိုးရေး)

နိုက်ထရိုဂျင်ဓာတ်သည် စပါးအတွက် အရေးကြီးဆုံး အာဟာရဖြစ်ပြီး စပါးအထွက်နှုန်းကို အဓိကထိန်းချုပ်သည့် အာဟာရဓာတ်တစ်ခုဖြစ်ကာ စိမ်းရောင်ခြယ်ပစ္စည်းများ၊ ပရိုတင်းများ၊ အင်ဇိုင်းများ၊ ဟော်မုန်းများနှင့် ဗီတာမင်များကဲ့သို့ အပင်ထဲရှိ ဒြပ်ပေါင်းများစွာတွင် မရှိမဖြစ် လိုအပ်သော အာဟာရဓာတ်တစ်မျိုးဖြစ်သည်။ စပါးပင်သည် နိုက်ထရိုဂျင်ဓာတ်ချို့တဲ့ပါက အောက်ရွက်များမှစ၍ ဝါလာပြီး အရွက်များခြောက်သွားခြင်း၊ ကြီးထွားမှုရပ်တန့်ခြင်း၊ အရွက်သေးငယ်ခြင်း၊ အနှံပါပင်ပွားနည်းခြင်း၊ အောင်စေ့နည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းကို ကျဆင်းစေသည်။

ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုများထဲတွင် ဓာတ်မြေသြဇာဈေးနှုန်းများ မြင့်တက်လာခြင်းသည် ထိပ်ဆုံးမှပါဝင်နေပါသည်။ စပါးပင်အတွက် အဓိကလိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကို ဖြည့်တင်းပေးသည့် ယူရီးယား (ပုလဲ) မြေသြဇာကို မည်သည့်အချိန်တွင် မည်မျှကျွေးရမည်ကို အတိအကျမသိဘဲ အချိန်အခါမဟုတ် လိုအပ်သည်ထက် ပိုမိုထည့်သွင်းခြင်း (သို့မဟုတ်) လိုအပ်ချိန်တွင် မထည့်သွင်းမိခြင်းတို့ကြောင့် ငွေကုန်ကြေးကျများစေရုံသာမက သီးနှံအထွက်နှုန်းကိုထိခိုက်ခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေခြင်းစသည့် ဆိုးကျိုးများရှိလာမည်ဖြစ်သည်။

ထို့ပြင် စပါးစိုက်ခင်းအတွင်း ထည့်သွင်းလိုက်သည့် နိုက်ထရိုဂျင်သည် သီးနှံများမှ လိုအပ်ချက်နှင့် မကိုက်ညီပါက စိမ့်ဝင်မှုနည်းလမ်းဖြင့် ၃-၉ ရာခိုင်နှုန်း၊ ဓာတ်ငွေ့အဖြစ် ပြောင်းလဲဆုံးရှုံးခြင်း ၁၀ ရာခိုင်နှုန်းနှင့် အငွေ့ပြန်ခြင်းနည်းလမ်းဖြင့် ၃၀-၃၉ ရာခိုင်နှုန်း ဆုံးရှုံးခြင်းတို့ကြောင့် ထည့်သွင်းလိုက်သော နိုက်ထရိုဂျင်မြေသြဇာကို သီးနှံများမှ ထိရောက်စွာ သုံးစွဲနိုင်မှုမရှိသည်ကို တွေ့ရှိရသည်။



အရွက်အရောင်တိုင်းကတ်ဖြင့် နိုက်ထရိုဂျင်မြေသြဇာ လိုအပ်မှုကို တိုင်းတာခြင်းအား တောင်သူများအား အသိပညာပေးရှင်းလင်းစဉ်။

ထိုအခက်အခဲကို ဖြေရှင်းရန်အတွက် ကုန်ကျစရိတ် အလွန်သက်သာပြီး အသုံးပြုရလွယ်ကူသည့် သိပ္ပံနည်းကျကျ အဖြေထုတ်ပေးနိုင်သည့် နည်းပညာတစ်ခုရှိနေပါသည်။ ၎င်းမှာ အရွက်ရောင်တိုင်းကတ် (Leaf Colour Chart – LCC) ကို အသုံးပြု၍ အာဟာရစီမံခန့်ခွဲခြင်း နည်းပညာပင်ဖြစ်သည်။ သို့ဖြစ်၍ LCC ကို အသုံးပြုပြီး စပါးပင်၏ အာဟာရလိုအပ်ချက်ကို **"ဆာမှကျွေး" ဆိုသည့်မူ**အတိုင်း ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန် တင်ပြလိုပါသည်။

**အရွက်ရောင်တိုင်းကတ် (LCC) ဆိုသည်မှာ ဘာလဲ၊ အဘယ့်ကြောင့် တောင်သူတိုင်းသုံးသင့်ပါသလဲ**

အရွက်ရောင်တိုင်းကတ် (LCC) ဆိုသည်မှာ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသောလက်ကိုင်အရွယ်အစားရှိ ကတ်ပြားတစ်ခုဖြစ်ပြီး ယင်းအပေါ်တွင် အစိမ်းရောင်အနုအရင့်အဆင့်ဆင့် (အဆင့် ၄ ဆင့် သို့မဟုတ် ၆ ဆင့်) ကို ပုံနှိပ်ထားသည်။

အရွက်ရောင်တိုင်းကတ်ကို ၁၉၈၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ စတင်တီထွင်ခဲ့သည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနအဖွဲ့ (International Rice Research Institute – IRRI) သည် ဂျပန်နိုင်ငံ၏ မူလဒီဇိုင်းကိုအခြေခံပြီး ဒေသအမျိုးမျိုးရှိ လယ်သမားများ ပိုမိုအသုံးပြုနိုင်စေရန် ရည်ရွယ်၍ ပိုမိုရိုးရှင်းပြီး သုံးရလွယ်ကူသော အရွက်အရောင်တိုင်းကတ်ကို ထပ်မံတီထွင်ခဲ့သည်။ စပါးရွက်၏ အစိမ်းရောင်သည် အပင်အတွင်းရှိ ကလိုရိုဖီးလ်ဓာတ်ကို ကိုယ်စားပြုပြီး ကလိုရိုဖီးလ်ဓာတ်သည် နိုက်ထရိုဂျင်ဓာတ်နှင့် တိုက်ရိုက်အချိုးကျသောကြောင့် LCC ဖြင့် အရွက်ရောင်ကို တိုင်းတာခြင်းသည် အပင်၏နိုက်ထရိုဂျင်လိုအပ်ချက်ကို တိတိကျကျသိရှိနိုင်ခြင်းပင်ဖြစ်သည်။

စပါးရွက်၏ အရောင်သည် နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝပါက အစိမ်းရင့်ရောင်ဖြစ်ပြီး နိုက်ထရိုဂျင်ဓာတ်နည်းပါးပါက အစိမ်းနုရောင် သို့မဟုတ် အဝါရောင်ဘက်သို့ ပြောင်းလဲသွားသည်။ LCC သည် စပါးပင်က "နိုက်ထရိုဂျင်ဓာတ် ဘယ်လောက်လိုအပ်နေပြီလဲ"ဆိုတာကို ပြောပြပေးသည့် ကိရိယာတစ်ခုဖြစ်သည်။



အရွက်အရောင်တိုင်းကတ်ဖြင့် နိုက်ထရိုဂျင်မြေသြဇာ လိုအပ်မှုကို တိုင်းတာခြင်း။

**အရွက်ရောင်တိုင်းကတ် (LCC) ကို အသုံးပြုခြင်း၏ အဓိကအကျိုးကျေးဇူးများ**

**ငွေကုန်ကြေးကျသက်သာခြင်း**

ယူရီးယားမြေသြဇာကို အပင်က အမှန်တကယ်လိုအပ်သည့် အချိန်မှသာ ထည့်သွင်းရသဖြင့် မလိုအပ်ဘဲ ပိုမိုသုံးမိခြင်းကို ရှောင်ရှားနိုင်ပြီး မြေသြဇာဖိုး အနည်းဆုံး ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သက်သာစေသည်။

**အထွက်နှုန်းတိုးခြင်း**

အပင်က အာဟာရလိုအပ်ချိန်တွင် အစာကျွေးနိုင်သောကြောင့် အပင်ကောင်းစွာဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်းကို တိုးတက်စေသည်။

**ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း**

နိုက်ထရိုဂျင်ဓာတ်မြေသြဇာကို အလွန်အကျွံသုံးစွဲလျှင် အပင်များစိမ်းစိုပြီး အရည်ရွှမ်းကာ ရောဂါပိုးမွှားများ အလွယ်တကူကျရောက်နိုင်ပါသည်။ LCC ဖြင့် မျှတအောင်ကျွေးခြင်းဖြင့် ဤအန္တရာယ်ကို လျှော့ချပေးသည်။

**ပတ်ဝန်းကျင်ကို ကာကွယ်ခြင်း**

မြေသြဇာအလွန်အကျွံသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် မြေဆီလွှာပျက်စီးခြင်းနှင့် ရေအရင်းအမြစ် ညစ်ညမ်းခြင်းတို့ကို ကာကွယ်ပေးသည်။

**အရွက်ရောင်တိုင်းကတ် (LCC)ကို ဘယ်လိုအသုံးချမလဲ၊ (လက်တွေ့အသုံးချနည်း အဆင့်ဆင့်)**

LCC ကို အသုံးပြုခြင်းသည် အလွန်ရိုးရှင်းပြီး တောင်သူတိုင်း အလွယ်တကူ လုပ်ဆောင်နိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။

**တိုင်းတာချိန်**

ပျိုးပင်များ ကောက်စိုက်ပြီး ၁၄ ရက် မှ စတင်၍ (သို့မဟုတ်) မျိုးစေ့တိုက်ရိုက်ချ စိုက်ခင်းများတွင် ၂၁ ရက်မှစတင်၍ တိုင်းတာသင့်သည်။ တိုင်းတာရမည့် အကောင်းဆုံးအချိန်မှာ နေရောင်ခြည် တိုက်ရိုက်မကျခင် နံနက် ၈ နာရီ မှ ၁၀ နာရီ၊ မွန်းလွဲ ၁၄ နာရီမှ ၁၆ နာရီကြားတွင် ဖြစ်သည်။ ထို့နောက် ၇ ရက်မှ ၁၀ ရက်ခြား တစ်ကြိမ် စပါးပန်းပွင့်ချိန်အထိ ပုံမှန်စစ်ဆေးတိုင်းတာရမည် ဖြစ်သည်။

**တိုင်းတာရမည့်နေရာ/တိုင်းတာရမည့်အရွက်**

ပုံမှန်စိုက်ခင်းတစ်ခုမှ စပါးပင် ၁၀ ပင်ကို ကျပန်းစနစ်ဖြင့် ရွေးချယ်ပါ။ (ကန်သင်းပေါင်နှင့် နီးလွန်းသောအပင်များကိုရှောင်ပါ)

ရွေးချယ်ထားသော စပါးပင်တစ်ပင်ချင်းစီ၏ အပေါ်ဆုံးမှ အပြည့်အဝပြန့်ကားပြီး ထောင်မတ်နေသောအရွက် (Topmost fully expanded leaf) ကို တိုင်းတာရန် ရွေးချယ်ရပါမည်။

**တိုင်းတာပုံ တိုင်းတာနည်းစနစ်**

နေရောင်ခြည် တိုက်ရိုက်ကျနေသော နေရာတွင် တိုင်းတာပါက အရောင်မှားယွင်းမှုကို ဖြစ်စေနိုင်သဖြင့် မိမိခန္ဓာကိုယ်၏ အရိပ်ကျနေသော နေရာတွင် တိုင်းတာပါ။ အပင်မှ အရွက်ကိုဖြတ်၍တိုင်းတာခြင်းမပြုရပါ။ ရွေးချယ်ထားသော စပါးရွက်၏ အလယ်ပိုင်းကို LCC ကတ်ပြားပေါ်တွင်တင်ပြီး အရွက်၏အရောင်နှင့် အနီးစပ်ဆုံးတူညီသော ကတ်ပြားပေါ်မှ အရောင်နံပါတ်ကို မှတ်သားပါ။ ရွေးချယ်ထားသော စပါးပင် ၁၀ ပင်လုံးကို ဤနည်းအတိုင်းတိုင်းတာပြီး အရောင်နံပါတ်များကို မှတ်သားထားပါ။

**ဆုံးဖြတ်ချက်ချခြင်းနှင့် မြေသြဇာကျွေးခြင်း**

LCC တိုင်းတာပြီးနောက် အရေးကြီးဆုံးမှာ မြေသြဇာကျွေးရန် လို/မလို ဆုံးဖြတ်ခြင်း ဖြစ်ပါသည်။

**စံနှုန်းနံပါတ် (Critical Value)**

တိုက်ရိုက်စိုက်ပျိုးပါက စံနှုန်းနံပါတ် (၃)နှင့် ပြောင်းရွှေ့စိုက်ပျိုးပါက စံနှုန်းနံပါတ် (၄)ကို သတ်မှတ်ပါသည်။

**ဆုံးဖြတ်ချက်**

တိုင်းတာထားသော အပင် ၁၀ ပင်တွင် အပင်အများစု (ခြောက်ပင်နှင့်အထက်)၏ အရွက်အရောင်သည် သတ်မှတ်စံနှုန်းအောက်သို့ ရောက်နေပါက ယူရီးယားမြေသြဇာကို ချက်ချင်းကျွေးရန် လိုအပ်ပါသည်။ စံနှုန်းအထက်တွင် ရှိနေသေးပါက မြေသြဇာကျွေးရန် မလိုအပ်ဘဲ နောက်တစ်ပတ်အကြာတွင် ထပ်မံစစ်ဆေးပေးရမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

- **ယူရီးယားမြေသြဇာကို အပင်က အမှန်တကယ်လိုအပ်သည့် အချိန်မှသာ ထည့်သွင်းရသဖြင့် မလိုအပ်ဘဲပိုမိုသုံးမိခြင်းကို ရှောင်ရှားနိုင်ပြီး မြေသြဇာဖိုး အနည်းဆုံး ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သက်သာစေ**
- **အပင်က အာဟာရလိုအပ်ချိန်တွင် အစာကျွေးနိုင်သောကြောင့် အပင်ကောင်းစွာဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်းကို တိုးတက်စေ**

## အောင်လံမြို့နယ်၌ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**အောင်လံ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက အမှာစကားပြောကြားပြီး ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် မြို့ပေါ်ရပ်ကွက်ဝတ်ရွတ်အသင်းများနှင့် ဌာနဆိုင်ရာဝတ်ရွတ်အသင်းများအား သက်ဆိုင်ရာ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ဝတ်ရွတ်အသင်းအားလုံးမှ မေတ္တာသုတ်နှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။




**အာကာ(ပြန်/ဆက်)**

## ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေးဟောပြော

**ပခုက္ကူ စက်တင်ဘာ ၁၆**

ဆရာအတတ်ပညာဦးစီးဌာန ပခုက္ကူပညာရေး ဒီဂရီကောလိပ်၌ ယနေ့ နံနက်ပိုင်းက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဦးက ကလေးသူငယ်၏အဓိပ္ပာယ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ကလေးအလုပ်သမားများ၊ ကလေးအလုပ်သမားလျော့နည်းပပျောက်ရေး ဝိုင်းဝန်းဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်းတို့ကို အသိပညာပေးဟောပြောကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပုဗ္ဗသီရိမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

**ပုဗ္ဗသီရိ စက်တင်ဘာ ၁၆**

နေပြည်တော် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်က အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက အခွန်နှင့်ပတ်သက်၍ သိရှိရမည့် ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးပြီး အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင် စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ အစေ့ထုတ်ပြောင်းစံကွက်ရိတ်သိမ်း

**မိုးနဲ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ အစေ့ထုတ်ပြောင်းစံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက နောင်ခမ်းကျေးရွာ တောင်သူဦးစိုင်းကျော်မြင့်၏ အစေ့ထုတ်ပြောင်း စိုက်ခင်းနေရာတွင် ဆောင်ရွက်သည်။

စံကွက်ရိတ်သိမ်းရာနေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဝ ဒသမ ၁ဝ ဧက စံကွက် ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှထွက်နှုန်း အစိုတင်း ၁၃၀ ထွက်ရှိကြောင်း သိရသည်။

မိုးနဲမြို့နယ်၌ ယခုနှစ်ပြောင်းစိုက်ရာသီတွင် ကျိုင်းတောင်းမြို့အပါအဝင် စုစုပေါင်းဧက ၂၇၈၁၀ စိုက်ပျိုးထားကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးခြံများသို့ ကွင်းဆင်းဆောင်ရွက်

**နောင်ချို စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နောင်ချိုမြို့နယ်အတွင်းရှိ မွေးမြူရေးခြံများသို့ ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။



မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကျောက်မဲခရိုင်ဦးစီးမှူး ဒေါက်တာစိုးနိုင်ဝင်း၊ နောင်ချို မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်လွင်နှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် အရှေ့ကြူအင်းရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်ဂျီးတောင်၏ ဥစားကြက်ကောင် ၁၆၀၀၀ မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံ၊ ညောင်ကုန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်ရာဂျောင်၏ ဥစားကြက်ကောင် ၁၂၀၀၀ မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံ၊ ငုက္ခလေးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် မြန်မာဒယ်ဆောင်းကုမ္ပဏီ၏ အသားတိုးကြက်ကောင် ၁၁၀၀၀ မွေးမြူထားရှိသော အသားတိုးကြက်မွေးမြူရေးခြံနှင့် အသားတိုးဝက်ကောင် ၃၁၀ မွေးမြူထားရှိသော အသားတိုးဝက်ခြံများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကိုကိုးကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ကိုကိုးကျွန်း စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များက ကိုကိုးကျွန်းမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်သည်။

**အသိပညာပေးဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး၊ ရေတင်ကျန်နိုင်သောဘူးခွက်များ၊ ရေပုံး၊ရေအိုးများ၊ ကားတာယာဟောင်းများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာ ဟောပြောခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော် (ပြန်/ဆက်)**

## သဃ်္ဃန်းကျွန်းမြို့နယ်၌ MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**သင်္ဃန်းကျွန်း စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ပညာရေးဒီဂရီကောလိပ် ကျောင်းဝင်းတွင် ယနေ့နံနက် ၁၀နာရီက (င/က) ရပ်ကွက်နေပြည်သူများအား MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်သည်။

အခမ်းအနားတွင် သင်္ဃန်းကျွန်းမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွေးကောက်ပွဲနှင့်သက်ဆိုင်သည်များ၊ ရွေးကောက်ပွဲကို နှောင့်ယှက်ဖျက်ဆီးသူများအတွက် ပြစ်မှု၊ ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားပြီး သင်္ဃန်းကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက MEVM မဲပေးစက်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ပြည်သူများက MEVM မဲပေးစက်တွင် စမ်းသပ်မဲပေးခဲ့ကြသည်။



**ဇော်မိုး(သင်္ဃန်းကျွန်း)**

**ဇီဝမျိုးစုံကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

*စာမျက်နှာ ၁၀ မှ*

**ကျွေးရမည့်နှုန်းထား**

မြေဩဇာကျွေးရန်လိုအပ်ပါက တစ်ဧကလျှင် ယူရီးယား(ပုလဲ) မြေဩဇာ ၂၀ ကီလိုဂရမ် နှုန်း ထည့်သွင်းပေးရပါမည်။

**ထည့်သွင်းစဉ်းစားရမည့်အချက်များ**

အရွက်ရောင်တိုင်းကတ် (LCC) နည်းပညာသည် မြေဩဇာသုံးစွဲမှုကို မှန်းဆသုံးစွဲခြင်းမှ အပင်၏ လိုအပ်ချက်အပေါ်အခြေခံသည့် တိကျသော သိပ္ပံနည်းကျ စီမံခန့်ခွဲမှုဆီသို့ ပြောင်းလဲပေးနိုင်သော တန်ဖိုးရှိသည့် နည်းပညာတစ်ခုဖြစ်သည်။ စပါးစိုက်ခင်းအတွင်း ရေသွင်းရေထုတ် စနစ်မှန်ကန်ခြင်း၊ တီစူပါ၊ ပိုတက်ရှ်မြေဩဇာနှင့် အခြားလိုအပ်သည့် အာဟာရဓာတ်များ လုံလောက်စွာရှိနေပါက အရွက်ရောင်တိုင်းကတ် (LCC)ကို အသုံးပြုပြီး ယူရီးယားမြေဩဇာ ထည့်သွင်းအသုံးပြုခြင်းသည် ပိုမိုထိရောက်မှုရှိသည်။

သုတေသနတွေ့ရှိချက်များအရ စပါးပင်သည် နိုက်ထရိုဂျင်ဓာတ်ကို လုံလောက်စွာ မရရှိပါက ဖော့စဖရပ်နှင့် ပိုတက်စီယမ် ဓာတ်မြေဩဇာများ ထည့်သွင်းသော်လည်း မျှော်မှန်းသလောက် အကျိုးမရှိကြောင်း တွေ့ရှိရသည်။ အရွက်ရောင်တိုင်းကတ်(LCC) နည်းပညာကို အသုံးပြု၍ နိုက်ထရိုဂျင်မြေဩဇာထည့်သွင်းခြင်းဖြင့် ကုန်ကျစရိတ်ကို ထိရောက်စွာလျှော့ချနိုင်ပြီး သီးနှံအထွက်နှုန်းကို မြှင့်တင်ပေးကာ စိုက်ပျိုးမြေနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုပါ ကာကွယ်ပေးနိုင်သောကြောင့် တောင်သူလယ်သမားများအတွက် အရွက်ရောင်တိုင်းကတ် (LCC) နည်းပညာကို လက်တွေ့အသုံးချခြင်းဖြင့် အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်တင်ပြလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ရပ်ကွက်ကြီး(၆) ဥဿာမြို့သစ်ရှိ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင် ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် နေရပ်စွန့်ခွာပြည်သူများ အတွက် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သက်ကြီးပုဂ္ဂိုလ်များအတွက် အထောက်အပံ့ဖြစ်နိုင်စေရေးနှင့် ၎င်းတို့အား လေးစားတန်ဖိုးထားခြင်းအားဖြင့် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အဖြစ် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးများကို ခြောက်လစာ တစ်စုတစ်စည်းတည်း ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် နိုင်ငံတော်အနေဖြင့် ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ဂေဟာ၊ ရိပ်သာများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများ၊ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်စေလိုကြောင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူသက်ကြီးပုဂ္ဂိုလ် ၂၀၄၅၇ ဦး အတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးငွေကျပ် ၁၂၀၄ ဒသမ ၈၀၀ သန်း၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၁၁ ခု၊ အမျိုးသမီးဂေဟာ တစ်ခုနှင့် ဘိုးဘွားရိပ်သာ ၁၆ ခု၊ စုစုပေါင်း ဂေဟာ၊ ရိပ်သာ ၂၈ ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၇၉ ကျောင်းတို့အတွက် ထောက်ပံ့ကြေးကျပ် ၂၇၉ ဒသမ ၇၆၉ သန်းနှင့် နေရပ်စွန့်ခွာ ပြည်သူ ၁၁၄၇၀၄ ဦးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၆၈၈၂ ဒသမ ၂၄၀ သန်းကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်ကာ မသန်စွမ်းသူ သုံးဦးအတွက် Wheel Chair များ ပေးအပ်သည်။

**ထောက်ပံ့ပေးခဲ့**

ယနေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ ၂၀၄၅၇ ဦး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စောင့်ရှောက်ထားသူ ၁၉၃၃ ဦးနှင့် နေရပ်စွန့်ခွာပြည်သူ ၁၁၄၇၀၄ ဦး စုစုပေါင်း ၁၃၇၀၉၄ ဦးအတွက် ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၈၃၆၆ ဒသမ ၈၀၉ သန်း ထောက်ပံ့ပေးခဲ့သည်။

အခမ်းအနားအပြီးတွင် ပဲခူးတိုင်းဒေသကြီး အမှတ်(၁) မူလတန်းကြိုကျောင်း၌ ကလေးငယ်များအား လက်ခံစောင့်ရှောက်ထားရှိမှုကို ကြည့်ရှုပြီး လူမှုဝန်ထမ်းရုံး၌ ပဲခူးတိုင်းအတွင်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လွိုင်ကော်မြို့ပေါ်ရပ်ကွက်များ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့်နေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်

လွိုင်ကော် စက်တင်ဘာ ၁၆

**နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ပြည်သူနေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ နယ်စပ်ဒေသနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်(ယာဖုံ)က မင်းစု၊ ဒေါ်နီးကူးနှင့် မြေနီကုန်းရပ်ကွက်များရှိ ပျက်စီးနေအိမ်အလုံး ၁၁၀ အတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက နောင်ယား(က)၊ မင်္ဂလာနှင့် ဒေါ်တမရပ်ကွက်ရှိ ပျက်စီးနေအိမ် ၁၀၂ လုံးအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက စျေးပိုင်း၊ နမ့်ဘော်ဝမ်(က)၊ နမ့်ဘော်ဝမ်(ခ)၊ ဒေါ်ဥခူ၊ ရွှေတောင်၊ နာနတ်တော၊ လောမွေ၊ ထေးသမ၊ ဓမ္မာရုံ၊ နမ့်ကွတ်၊ နောင်ယား(ခ)၊ နာနတ်တော၊ မိုင်းလုံးနှင့် ရှမ်းစုရပ်ကွက်များရှိ ပျက်စီးနေအိမ် ၃၈၈ လုံးအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူပြီး နေအိမ်ပျက်စီးခဲ့သော ပြည်သူများ ကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး ပြည်သူများက အကြံအခဲများ၊ ကူညီဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို တင်ပြကြရာ ဆောင်ရွက်ပေးမည့်အခြေအနေကို ပြန်လည်ရှင်းလင်းဆွေးနွေးကာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ် အခမ်းအနား တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆင့်မြင့်ပညာအဆင့် ဆောင်ပါးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ပြခန်းငယ်နှင့် ဆုရရှိသည့်ဆောင်းပါးနှင့် စာစီစာကုံးများကို ကြည့်ရှုအားပေးကာ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ တိုးချဲ့ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသိပေးဆွေးနွေး



တောင်ကြီး စက်တင်ဘာ ၁၆

တောင်ကြီးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ(၂)၌ ယနေ့နံနက်ပိုင်းက ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ တိုးချဲ့ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသိပညာပေးဆွေးနွေးပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစော်မင်းလွင်က အမှာစကားပြောကြားပြီး တောင်ကြီးမြို့ရှိ နေရာအချို့နှင့် ကျန်မြို့နယ် ၂၀ ရှိ နေရာအချို့ကို ဆေးလိပ်ငွေ့ကင်းစင် နယ်မြေဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ဆေးလိပ်ငွေ့ကင်းစင်တက္ကသိုလ်၊ ကောလိပ်များ ထူထောင်ခြင်းဖြင့် ကျောင်းသားလူငယ်များအကြား ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်က ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသူများက မိမိတို့မြို့နယ်အလိုက် ဆေးလိပ်ငွေ့ကင်းစင်နေရာများ ဖော်ဆောင်မည့် သတင်းအချက်အလက်များကိုဆွေးနွေးခြင်း၊ နယ်မြေအလိုက်ဆောင်ရွက်မည့်နေရာများနှင့်လုပ်ငန်းစီမံချက်များကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်အားကစားနှင့် ကာယပညာ



အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အမျိုးသား/အမျိုးသမီး(မီတာ ၁၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး (မီတာ ၁၅၀၀)အပြေးပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အမျိုးသားတံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းက လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အသင်းက လည်းကောင်း၊ အမျိုးသား အမျိုးသမီးစုပေါင်းတံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အသင်းကလည်းကောင်း အသီးသီးရရှိပြီး ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား/အမျိုးသမီးစုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်(ဝဲပုံ)ကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၁၂ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ခင်မင်ယုံကြည်မှု ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရန်အတွက် COL SHRIKANT JETHI ဦးဆောင်ပြီး အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော အိန္ဒိယတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ရောက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။(အပေါ်ပုံ)

ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဆင်ဖြူတော်များအား လေ့လာကြည့်ရှုကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်စုစုပေါင်း ၁၂၀ လိုက်ပါလာပြီး နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ စက်တင်ဘာ ၁၉ ရက်အထိ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရန် အတွက် ဗိုလ်မှူးကြီး ဇာနည်အောင် ဦးဆောင်သည့် မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။(**အောက်ပုံ**)

အဆိုပါ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ စုစုပေါင်း ၁၂၀ လိုက်ပါသွားပြီး အိန္ဒိယနိုင်ငံ ဂါယာမြို့ရှိ အထင်ကရနေရာများ၊ သင်တန်းကျောင်း၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ စက်တင်ဘာ ၁၉ ရက်အထိ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်က နေပြည်တော် တပ်ဖွဲ့စုမှူး ရဲမှူး မင်းဟန် ဦးဆောင်၍ ဇောဓိကုန်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်ချစ်ဆွေနှင့် တပ်ဖွဲ့ဝင်များ အုတ်တွင်းမြို့နယ် ဇောဓိကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ သန့်ရှင်းရေးပြုလုပ်စဉ်။ သတင်းစဉ်

# တနင်္သာရီမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကျင်းပ

**တနင်္သာရီ စက်တင်ဘာ ၁၆**

တနင်္သာရီမြို့နယ်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အခွန်ပညာပေး ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်း



က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဖိလစ်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးပိုင်ဖြိုးဦးက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်များအကြောင်း သိကောင်းစရာများ၊ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သီသီခိုင်(တနင်္သာရီ)**

# ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားမပြန့်ပွားရေးစနစ်ကို ကာကွယ်ရန် အရေးတကြီးလိုအပ်ဟု အိုင်အေအီးအေညီလာခံတွင် ဆွေးနွေး

**ဗီယင်နာ စက်တင်ဘာ ၁၆**

(၆၉) ကြိမ်မြောက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အထွေထွေညီလာခံကို ဗီယင်နာမြို့တွင် စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။ အဆိုပါညီလာခံတွင် နျူကလီးယားစွမ်းအင်နှင့် နည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုရေးနှင့် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားမပြန့်ပွားရေးကို ကာကွယ်ရန် အရေးတကြီး လိုအပ်ကြောင်း ဦးစားပေးဆွေးနွေးခဲ့သည်။

ဗီယင်နာမြို့ကုလသမဂ္ဂရုံး၏ ညွှန်ကြားရေးမှူးချုပ် ဂါဒါဝါလီပြောကြားသော မိန့်ခွန်းတွင် အိုင်အေအီးအေသည် နျူကလီးယား သိပ္ပံနှင့်နည်းပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်တစ်ခုတည်းအတွက် အသုံးပြုရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့သည်ဟု ပါရှိသည်။



ဤနည်းပညာများသည် ဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်စေပြီး လူသားမျိုးနွယ်ကို အကာအကွယ် ပေးနိုင်ကြောင်းနှင့် နျူကလီးယား မပြန့်ပွားရေး ဆက်လက်ကြိုးပမ်းရန် တိုက်တွန်းကြောင်း အဆိုပါမိန့်ခွန်းတွင် ဆက်လက်ဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာ မညီမျှမှုများ ကျယ်ပြန့်လာနေပြီး အကြမ်းဖက်ဝါဒ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် နျူကလီးယား စံချိန်စံညွှန်းများ လျော့နည်းလာနေချိန်တွင် ယခုလိုအခိုက်အတန့်သည် အရေးကြီးသော အခိုက်အတန့်ဖြစ်ကြောင်း အိုင်အေအီးအေညွှန်ကြားရေးမှူးချုပ် ရာဖဲလ်ဂရော့စီက ညီလာခံတွင် ပြောကြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားမပြန့်ပွားရေးစနစ်သည် သိသာထင်ရှားသော ကမ္ဘာ့အရေးတင်းမာမှုများအောက်တွင်ရှိနေပြီး အကာအကွယ်လိုအပ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသိပေးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

စက်တင်ဘာ ၁၉ ရက်အထိ ကျင်းပမည့် အဆိုပါညီလာခံသို့ အိုင်အေအီးအေအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူ ၂၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **ဆင်ဟွာ**




# ဂါဇာမြို့ကို ထိန်းချုပ်ရန် မြေပြင်စစ်ဆင်ရေးများ တိုးချဲ့လုပ်ဆောင်သွားမည်ဟု အစ္စရေးပြောကြား

**ဂါဇာ စက်တင်ဘာ ၁၆**

အစ္စရေးက ဂါဇာမြို့ကို စက်တင်ဘာ ၁၆ ရက် အစောပိုင်းတွင် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ဂါဇာမြို့ကို ထိန်းချုပ်ရန် မြေပြင်စစ်ဆင်ရေးများ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

တိုင်းမ်အော့ဖ် အစ္စရေး သတင်းစာတွင် အစ္စရေးတပ်ဖွဲ့သည် မကြာသေးမီရက်များအတွင်း ဂါဇာမြို့တွင်း မြို့ပြင်လေကြောင်း တိုက်ခိုက်မှုများကို တဖြည်းဖြည်း တိုးချဲ့လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော် လူဦးရေထူထပ်သည့် မြောက်ပိုင်းသို့ တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားခြင်း မရှိသေးကြောင်း သိရသည်။ ထို့အတူ အစ္စရေးတင့်ကားများ ဝင်ရောက်လာခြင်း မရှိသေးကြောင်းလည်း မျက်မြင်သက်သေများက ပြောကြားထားသည်။

ဂါဇာကမ်းမြောင် ဒေသ၏ အကြီးဆုံးမြို့တွင် ဒေသခံတစ်သန်းနီးပါးခန့်ရှိသည်ဟု ပြောသည်။ ၎င်းတို့အနက် ၃၅၀၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပြီးဖြစ်ကြောင်း သိရသည်။

မြေပြင် ထိုးစစ်ဆင်မှုများကို အရှိန်အဟုန်ဖြင့် ပြုလုပ်မည်ဆိုပါက သေဆုံးမှု ပိုမိုများပြားလာမည်ကို စိုးရိမ်လျက်ရှိပြီး အခြေအနေများ ပိုမိုဆိုးရွားလာမည့်အပေါ်လည်း စိုးရိမ်မကင်းဖြစ်နေကြသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# မလေးရှားနိုင်ငံမြောက်ပိုင်း ဘော်နီယိုကျွန်း၌ မြေပြိုမှုများဖြစ်ပွားပြီး လူ ၁၁ ဦးထက်မနည်း သေဆုံး

**ကွာလာလမ်ပူ စက်တင်ဘာ ၁၆**

မလေးရှားနိုင်ငံ မြောက်ပိုင်း ဘော်နီယိုကျွန်းပေါ်ရှိ ဆာဘားပြည်နယ်၌ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားပြီးနောက် စက်တင်ဘာ ၁၅ ရက်တွင် လူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး အမြောက်အမြား ပျောက်ဆုံးခဲ့သည်။

ဆာဘားပြည်နယ် မြို့တော် ကိုတာကီနာဘာလုရှိ ကျေးရွာတစ်ရွာ၌ အဆိုပါ ဝမ်းနည်းဖွယ်ဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထို့အတူ အဆိုပါပြည်နယ်အတွင်း ရေကြီးမှုကြောင့် လူပေါင်း ၁၇၈၈ ဦးကျော် ပြောင်းရွှေ့ခဲ့ရသည်။ ရေဘေးဒုက္ခသည်များ ရေဘေးခိုလှုံရေးစခန်း ၁၂ ခုတွင် နေထိုင်နေရကြောင်း လူမှုဝန်ထမ်းဌာနက ထုတ်ပြန်ကြေညာသည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်က ဒုက္ခသည်များကို ကူညီရန် နောက်ထပ် အရေးပေါ်ရန်ပုံငွေ ရင်းဂစ် ၁၀ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈ သန်း) ကို ခွဲဝေပေးခဲ့ကြောင်း ကြေညာခဲ့ပြီး လိုအပ်သူများကို ကူညီရန် မလေးရှားနိုင်ငံသားများကိုလည်း တိုက်တွန်းထားသည်။

**ဆင်ဟွာ**




# ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုပုံစံက ဦးနှောက်အိုမင်းမှုကို နှေးကွေးစေကြောင်း တွေ့ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၁၆**

ကျန်းမာသော စားသောက်နေထိုင်မှုပုံစံသည် ဦးနှောက်အိုမင်းမှုကို တိုက်ရိုက်သက်ရောက်မှုရှိကြောင်း နိုင်ငံတကာသုတေသီ အဖွဲ့တစ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

လူ ၃၀၀ နီးပါးခန့်ကို ၁၈ လခန့် သုတေသနပြုလုပ်ခဲ့ရာ၌ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဦးနှောက်သည် ကိုယ်ခန္ဓာထက် လျင်မြန်စွာ ပို၍အိုမင်းနိုင်ကြောင်း၊ အထူးသဖြင့် ဆီးချိုရှိသူများ၊ သွေးတိုးရှိသူများနှင့် ခန္ဓာကိုယ်ရောင်ရမ်းမှုဖြစ်ပွားသူများတွင် ပို၍ဆိုးကြောင်း တွေ့ရှိခဲ့ကြသည်။

ထို့အပြင် ဦးနှောက်အိုမင်းခြင်းသည် အယ်လ်ဇိုင်းမားကဲ့သို့သော မှတ်ဉာဏ်ချို့ယွင်းမှုဆိုင်ရာ ပြဿနာများနှင့်လည်း သက်ဆိုင်လျက်ရှိကြောင်း သိရသည်။

ထိုသို့တွေ့ရှိခဲ့ခြင်းကြောင့် ဦးနှောက်ကျန်းမာရေးကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေနိုင်ကြောင်းသိရပြီး ကျန်းမာသော စားသောက်နေထိုင်မှုပုံစံသည် ဦးနှောက်အိုမင်းမှုကို မည်မျှ ကာကွယ်ပေးနိုင်သည်ကိုလည်း သရုပ်ပြနိုင်ခဲ့ကြသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်မြင့်မားမှုများ ထပ်မံဖြစ်ပေါ်

**တိုကျို စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်း ဒေသများတွင် စက်တင်ဘာ ၁၆ ရက်က အပူချိန်ထပ်မံမြင့်တက်လာခဲ့သည်။

ဟွန်ရှူကျွန်းအနီးတွင် လေဖိအားများရပ်ဝန်း ဖြစ်ပေါ်ခြင်းက နိုင်ငံတစ်ဝန်း သာယာကြည်လင်သောရာသီဥတုကို ဖြစ်ပေါ်စေပြီး အပူချိန်ကို မြင့်တက်စေသည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် ကိုချီခရိုင် ရှီမာမိုတုမြို့တွင် အပူချိန် ၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်၊ တိုကူရှီမာခရိုင် မီမာမြို့တွင် အပူချိန် ၃၅ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်၊ အိုဆာကာမြို့တွင် အပူချိန် ၃၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်၊ တော့တိုရီမြို့တွင် အပူချိန် ၃၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်၊ နာဂိုရာမြို့တွင် အပူချိန် ၃၃ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်နှင့် တိုကျိုမြို့လယ်တွင် အပူချိန် ၃၂ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့သည်။

နေ့ခင်းအပူချိန်သည် နာဂိုရာမြို့တွင် ၃၇ ဒီဂရီဆဲလ်စီးယပ်၊ အိုဆာကာ၊ ကျိုတိုနှင့် ဂီဖုမြို့များတွင် ၃၆ ဒီဂရီဆဲလ်စီးယပ်အထိ အသီးသီး မြင့်တက်မည်ဟု ခန့်မှန်းထားသည်။

လေထုစိုစွတ်မှုလည်း မြင့်မားလျက်ရှိသောကြောင့် အပူလျှပ်နိုင်ခြေရှိသည့် သတိပေးမှုများကို ခရိုင် ၁၁ ခုတွင် ထုတ်ပြန်ထားသည်။

ပြည်သူများကို လေအေးပေးစက်များ အသုံးပြုရန်နှင့် အရည်များများသောက်ရန်၊ ဆားစားသုံးရန် အကြံပေးထားသည်။

အပူချိန်မြင့်မားမှုကြောင့် လေထုစိုထိုင်းစကို မငြိမ်မသက်ဖြစ်စေနိုင်သည့်အတွက် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ရုတ်တရက် ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် လေဆင်နှာမောင်း တိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကြီးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၆

**ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး ပူးပေါင်းပြီး အိုဇုန်းလွှာပျက်စီးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လာခဲ့ကြောင်း၊ လူသားနှင့် ကမ္ဘာကြီးကို အကျိုးပြုအကာအကွယ်ပေးနေသော အိုဇုန်းလွှာသည် လူသားများ၏ လုပ်ဆောင်ချက်များကြောင့် ပျက်စီးယိုယွင်းရခြင်း ဖြစ်သည့်အတွက် အိုဇုန်းလွှာကို ပြန်လည်ထိန်းသိမ်းရေးသည် လူသားအားလုံး၏ တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများ အားလုံး ပူးပေါင်းဆောင်ရွက်နေသည့် အိုဇုန်းလွှာပျက်စီးမှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်တွင် မိမိတို့ ပြည်သူလူထု များကလည်း နိုင်ရာအင်အားနှင့် တစ်ဦးတစ်ယောက်ချင်းမှသည် စုပေါင်းအင်အား၊ အသင်းအဖွဲ့အင်အား တို့ဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip ပြသပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်က အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရရှိသူကိုလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက တတိယဆုရရှိသူကိုလည်းကောင်း ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**




# နောင်ချိုမြို့နယ်၌ ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ၊ အသက် (၁၅) နှစ်အောက် ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ



**နောင်ချို စက်တင်ဘာ ၁၆**

ကျန်းမာရေးဝန်ကြီး ဌာနသည် ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိ ကျေးလက်ကျန်းမာရေး ဌာနနှင့် ဌာနခွဲ ၂၅ ခု ပြန်လည်ဖွင့်လှစ်ပြီး ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများကို အားဖြည့် ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းကို ပြန်လည်အားဖြည့် ဆောင်ရွက်ရန်အတွက် Big Catch-up၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ၊ အသက် (၁၅) နှစ်အောက်ကလေးများအား လိုအပ်သောကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ (Outbreak Response Immunization) စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၈၈ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၃၅၂၆ ဦးအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက် ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၃၁၁၃ ဦးအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်း ပြန်လည်အားဖြည့် ဆောင်ရွက်လျက်ရှိပြီး အသက် (၅) နှစ်အောက် ကလေးငယ်များအား ငါးမျိုးစပ် ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေး (အစက်ချဆေး၊ ထိုးဆေး) များကို လည်းကောင်း၊ အသက် (၅) နှစ်မှ (၇) နှစ်အရွယ် ကလေးများအား ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေး (အစက်ချဆေး) များကို လည်းကောင်း၊ အသက် (၇)နှစ်မှ (၁၅) နှစ်အရွယ် ကလေးများအား မေးခိုင်-ဆုံဆို့ ရောဂါကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးများ လည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကလေးစုစုပေါင်း ၁၆၄၈၄ ဦးအား လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့သည်။

အသက် (၁၅) နှစ်အောက် ကလေးများအား လိုအပ်သော ကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများကို နောင်ချိုမြို့နယ်အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေသာ မြို့နယ်အားလုံးတွင် ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

နောင်ချိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်က မြန်နန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးပြီး မြို့နယ်ပြည်သူ့ဆေးရုံကို ဩဂုတ် ၂ ရက်က ပြန်လည်ဖွင့်လှစ်ကာ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ် ခွဲစိတ်ကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ လာရောက်ကုသမှု ခံယူလျက်ရှိပြီး စက်တင်ဘာ ၁၅ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၃၅၉၅ ဦးနှင့် အတွင်းလူနာ ၄၂၁ ဦးအား လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကွန်ဟိန်းမြို့ အမှတ်(၂) ရပ်ကွက်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက်က ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းသိန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပြီး စုပေါင်းသွေးလှူဒါန်းစဉ်။ ခွန်ရဲထွေး(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကသာခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၅ ရက်က ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ တိုးချဲ့နှစ်ထပ်ဆောင်၌ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်လှိုင်မြင့်နှင့် တပ်ဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)



❖ *ကျောဖုံးမှ*

ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ ပေးဂိုးမရှိသေးဘဲ ဇယားထိပ်ဆုံးသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး ယခင်ပွဲမှ လူစာရင်းအတိုင်း ပြန်လည်ယှဉ်ပြိုင်ရပြီး ပထမပိုင်းတွင် ဂိုးမသွင်းနိုင်သော်လည်း ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၅၂ မိနစ်တွင် ဟိန်းဇေယျာလင်း၊ ၈၁ မိနစ်တွင် ကောင်းစည်သူနှင့် မိနစ် ၉၀ တွင် မိုဂူတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် နောက်ခံလူ ဟိန်းဇေယျာလင်းက ရရှိသည်။

ပွဲစဉ် (၃) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းက ကိုးမှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းက ခုနစ်မှတ်၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ခြောက်မှတ်စီ၊ အား/ကာသိပ္ပံ၊ Dagon Port နှင့် ဧရာဝတီယူနိုက်တက်အသင်းက သုံးမှတ်စီ၊ မဟာယူနိုက်တက်၊ သစ္စာအားမာန်၊ ရာမည ယူနိုက်တက်အသင်းတို့က တစ်မှတ်စီရထားပြီး ရခိုင်ယူနိုက်တက်အသင်းက အမှတ်မရသေးပေ။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# မြို့နယ်အချို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

## မိုင်းဆတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်က အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကို ပြသပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## ပင်လုံ

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက လွိုင်လင်မြို့ အထက(၂) ပင်လုံကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ လွိုင်လင်ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါက်တာမြင့်မြင့်အေးက အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံဦးစီးအရာရှိ ဦးစည်သူနိုင်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးအောင်က သစ်တော သစ်ပင်ထိန်းသိမ်းရေးဆိုင်ရာများ ဟောပြောသည်။ ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးသည်။ **လွိုင်လင်မိုး**



## ပြည်

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ပြည်မြို့ရှိ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ အမှုဆောင်ဒါရိုက်တာ၏ အမှာစကားနှင့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဗီဒီယိုကလစ်တို့ကို ဖွင့်လှစ်ပြသသည်။ **ကိုဆက်(ပြန်/ဆက်)**





## ကလေးဝ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို အမှတ်-၂ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ယနေ့ နံနက်က ပြုလုပ်သည်။

အဆိုပါ ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရာဇာဝင်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီလွင်စိုးက အမှာစကားပြောကြားပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုများကို ပြသသည်။ **ခရိုင်(ပြန်/ဆက်)**



## တာချီလိတ်

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးထက်က အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းသူက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြောင်း သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဗီဒီယိုကိုပြသကာ ခရိုင်ပညာရေးဦးစီးဌာန ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်နှင့် တာဝန်ရှိသူများက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **မြင့်မိုရ်(တာချီလိတ်)**

## လားရှိုး

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ လားရှိုးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုကလစ်ကို ပြသခဲ့ပြီး ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ **ခရိုင်(ပြန်/ဆက်)**



## သရက်

သရက်မြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်က ခရိုင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ ဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ ဗီဒီယို၊ ၂၀၂၅ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုများကို ပြသခဲ့ပြီး စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ **ဇော်ထက်(သရက်)**



## ညောင်ရွှေ

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ညောင်ရွှေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးကျော်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးအသိပညာပေး ဗီဒီယိုကလစ်ကိုပြသပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **စိုင်းအယ်ဘဲ**



## ဖျာပုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဖျာပုံ စက်တင်ဘာ ၁၆**

ဖျာပုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖျာပုံမြို့ အထက (၃) ကျောင်း မြမဥ္ဇူခန်းမ၌ ကျင်းပသည်။



ဦးစွာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကိုပြသပြီး ဖျာပုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာလှိုင်က ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ အိုဇုန်းလွှာ၏ အဓိပ္ပာယ်၊ ခရမ်းလွန်ရောင်ခြည် လှိုင်းအမျိုးအစားများ၊ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ရန် နည်းလမ်းများနှင့် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဖျာပုံခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ထွန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**

## သထုံမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**သထုံ စက်တင်ဘာ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကား ပြောကြားပြီး ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာငြိမ်းက ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေး နေ့အထိမ်းအမှတ် အကြောင်း ဖတ်ကြားသည်။



ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး နေ့ အသိပညာပေးဗီဒီယိုကလစ်ကို ပြသပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် သထုံခရိုင် ကျောင်းပေါင်းစုံ စာစီ စာကုံးပြိုင်ပွဲမှ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးညှင်းမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မိုးညှင်း စက်တင်ဘာ ၁၆**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြတ်သရဖူခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညီညီလွင်က အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ခံ ဦးသန်းဝင်းအောင်က အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။

**ရွှေမိုးညှင်း**

## ကသာမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကသာ စက်တင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းကိုဦးက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသသည်။



ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဖြင့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

**ကျော်စွာ(ကသာ)**

## ပန်းဘဲတန်းမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး

**ပန်းဘဲတန်း စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အသိပညာပေး Talk Show ကို ပန်းဘဲတန်းမြို့နယ်ရုံး လူထုအခြေပြုဇဟိုဌာနခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးနောင်ရဲဖြိုးက Talk Show ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သဥ္ဇာနှင်းက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ အိုဇုန်းလွှာ အကျိုးပြုပုံ၊ အိုဇုန်းလွှာပျက်စီးစေသည့် အကြောင်းရင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများ၊ အိုဇုန်းလွှာကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ရေး ဆောင်ရွက်ရမည့် နည်းလမ်း၊ အိုဇုန်းလွှာကာကွယ်ရေး ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးကျော်စိုးဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများက စက်တင်ဘာ ၁၆ ရက်တွင် အမြန်လမ်းမကြီးအနီး စေတီ ၁၀၀၀ ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ နေမျိုးလွင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုင်းဆတ်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၁၄ ရက်က မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ကာ စုပေါင်းသွေးလှူဒါန်းစဉ်။

မြို့နယ်(ပြန်/ဆက်)



## တွံတေးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**တွံတေး စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ဟောပြောပွဲ၊ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက တန်းလျားလေးကျေးရွာရှိ အထက(ခွဲ) (တန်းလျားလေး)၌ ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးစာဆရာ ဦးဝင်းထွဋ်မှူး(ဝင်းထွဋ်မှူး-တွံတေး)က စာဖတ်ရခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ဦးက စာရေးဆရာဝင်းထွဋ်မှူးအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပေးသည်။ ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ဝါစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု



**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်ကောင်စီဝင်ဦးဇေယျာလင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း၊ တပ်ကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကံလှကျေးရွာ၌ ကျင်းပသည့် တစ်အိမ်ထောင်လျှင် သစ်မာပင် ၂၀ သစ်ပင်စိုက်ပျိုးပွဲတက်ရောက်စိုက်ပျိုးပေးသည်။(ဓာတ်ပုံ)

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ဗိုလ်မင်းရောင်ရပ်ကွက် "လှ" ချည်မျှင်ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ၍ စက်ရုံအတွင်းကြည့်ရှုပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက "လှ" ချည်မျှင်ထုတ်လုပ်ရေး လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ကွင်းအမှတ် ၂၀၂၅ကွင်း၊ ဝါစိုက်ခင်းများအား ကြည့်ရှုခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိက ယခင်နှစ်က တပ်ကုန်းမြို့နယ်အတွင်း ဝါသီးနှံကို ၄၈၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ယနေ့အထိ ဝါသီးနှံ ၅၅၅၄ ဧက စိုက်ပျိုးထားရှိကြောင်း၊ ယခင်နှစ်ထက် ၆၈၅ ဧက ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း ရှင်းလင်းတင်ပြခဲ့ရာ နေပြည်တော်ကောင်စီဝင်က ကွင်းပိတ်အထိစိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ပြီးနောက် ကွင်းအမှတ် ၁၃၀၅ ကွင်း၊ ပေါ်ဆန်းစပါးစိုက်ခင်းများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ဂန့်ဂေါမြို့ လူထုအခြေပြုဗဟိုဌာန၌ စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်



**ဂန့်ဂေါ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဌာနဆိုင်ရာရုံးများနှင့် ကျောင်းစာကြည့်တိုက်များ စနစ်တကျရှိစေရေး၊ ရှင်သန်ခိုင်မာ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာကြည့်တိုက်ပညာ ထိန်းသိမ်းခြင်းကို တတ်သိနားလည်စေရန် ရည်ရွယ်၍ စာကြည့်တိုက်ပညာသင်တန်းကို ယမန်နေ့နံနက်က စတင်ဖွင့်လှစ်သည်။

ဦးစွာ ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်၊ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးနှင့် ဒုတိယဦးစီးမှူး ဒေါ်သူဇာဝင်းတို့က စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေးကဏ္ဍ၊ စာစုလုပ်ငန်း၊ မျိုးတူစုလုပ်ငန်း လက်တွေ့ဆောင်ရွက်ခြင်းနှင့် စာပေပစ္စည်း ထိန်းသိမ်းခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မျိုးမင်း**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က သာယာဝတီခရိုင် သုံးဆယ်မြို့ရှိ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာ၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲစိုးတို့ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ စာရေးဝန်ထမ်းတို့က စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် ၂၃ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း အမျိုး ၃၄၀၊ လုပ်ငန်းသုံးပစ္စည်း ၃၁၄ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၀ မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၀၁၄၈၆၆၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck လေးစီး၊ Nissan Diesel Truck နှစ်စီး၊ Howo Sino Tractor Head နှစ်စီး၊ Man Tractor Head နှစ်စီး၊ Scania Tractor Head နှစ်စီး၊ Cheng Long Tractor Head နှစ်စီး၊ Faw Tractor Head တစ်စီး၊ Sino Tractor Head တစ်စီး၊ JAC Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Howo Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၇ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၉ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၉၅၀၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၈၇၄၃၇၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၃ ရက်တွင် ရတနာပုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး ၁၇ လုံး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် သံချောင်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၇၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သန်လျင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ကိုးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၀၁၆၃၇၁၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပူတာအိုခရိုင်ရဲတပ်ဖွဲ့မှူးရုံးကဦးဆောင်၍ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက်က ပူတာအိုခရိုင်ပြည်သူ့ဆေးရုံ၌ ပြုလုပ်ရာ ပူတာအိုခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သန်းနိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန့်ဇင်ထွန်းတို့က ကြည့်ရှုအားပေးစဉ်။ ဖုန်ကန်(ပူတာအို)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြောင်းရဲတပ်ဖွဲ့စု(ပုသိမ်)မှ တပ်ဖွဲ့စုမှူး ယာယီဒုတိယရဲမှူးကြီးဇော်မိုးလွင် ဦးဆောင်သောတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်-(၁/၂၀၂၅)
## ၁၃၈၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ရက်
## ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော **(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တောအုပ်ကြီးရာထူး (၄၆)နေရာနှင့် သုတေသနလက်ထောက်-၂ ရာထူး (၂)နေရာတို့**တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင် လိုပါက သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ administrationfd@forest.gov.mm/ forestadmdev@gmail.com သို့ Online စနစ်ဖြင့်ဖြစ်စေ **၁၅-၁၀-၂၀၂၅ ရက်** နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) တောအုပ်ကြီးရာထူးနေရာများတွင် လျှောက်ထားသူများသည် သိပ္ပံ (သစ်တော)ဘွဲ့ ရရှိပြီးသူဖြစ်ရမည်၊

(ဂ) သုတေသနလက်ထောက်-၂ ရာထူးနေရာများတွင် လျှောက်ထားသူများသည် **မဟာသိပ္ပံဘွဲ့(ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒ)** ရရှိပြီးသူဖြစ်ရမည်၊ (ဌာနတွင်း ဝန်ထမ်းဖြစ်ပါက သိပ္ပံဘွဲ့တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည် )

(ဃ) ၃၁-၁၀-၂၀၂၅ရက်တွင်အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်၊ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၇)နှစ်ထက် မကြီးသူ ဖြစ်ရမည်)

(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအမှူး၏ ခွင့်ပြုချက်တင်ပြရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဆ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အင်္ဂါပြည့်စုံသန်စွမ်း၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံချက်အား တင်ပြနိုင်သူဖြစ်ရမည်။

(ဈ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ ရာထူးအလိုက် အသေးစိတ်သတ်မှတ်ချက်များနှင့် လျှောက်လွှာပုံစံများအား သစ်တော ဦးစီးဌာန၏ Website - www.forestdepartment.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၀၅၄၀၃၊ ၀၆၇-၃၄၀၅၁၈၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးသက်လွင် ၄/ထတလ(နိုင်)၀၀၄၆၉၄ (ဘ) ဦးကျော်သိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၄၇၈) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၁၃၄/၂၀၁၉ (၂၄-၉-၂၀၁၉) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသန့်ဇင် ၁၂/ဥကမ(နိုင်)၁၄၇၃၇၃ (ဘ)ဦးသန်းမှ ဒေါ်ပို့ပို့ ၁၂/လမတ(နိုင်)၀၃၂၀၈၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဆီးဆီးမီး ၁/ဝမန(နိုင်)၀၈၀၇၇၃ ၏ ပတ်စ်ပို့နံပါတ် (MC-147172) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၃၃၃၉၁၅၇**

### မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၈)၊ Grade-12(Eco)တန်းမှ မောင်ဇော်ဖြိုးဟိန်း၏ မိခင်အမည်မှန်မှာ ဒေါ်နုဝင်းယဉ် ၁၁/စတန(နိုင်)၀၇၃၆၂၅ ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁၂၁ )၊ မြေကွက်အမှတ်( ၆၇၂ )၊ အကျယ်အဝန်း ( ၄၀ပေ × ၆၀ပေ )ရှိ နှစ်(၆၀)ဂရန်မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ကာရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နီလာဦး (၁၂/မရက(နိုင်)၀၃၂၀၉၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ရာပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ မောင်ဟိန်းဝေဦး၏ ဖခင်အမည်မှန်မှာ ဦးအဟော်(ခ)ကျော်ကျော် ၁/ဝမန(နိုင်)၀၅၃၇၀၉ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ Grade-4 မှ မနန်းရတီထွန်း၏ ဖခင်အမည်မှန်မှာ ဦးအဟော်(ခ)ကျော်ကျော် ၁/ဝမန(နိုင်)၀၅၃၇၀၉ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မြောက်ပိုင်းရတနာကိုယ်ပိုင် အထက်တန်းကျောင်း၊Grade-12မှမောင်လင်းလင်းဟန်၏ ဖခင်အမည်မှန်မှာ ဦးတိတ်ဗဟာဒူး ၁/မကန(နိုင်)၁၀၉၆၂ ဖြစ်ပါသည်။

### ပြင်ဆင်ဖတ်ရှုပါရန်

(၁၆-၉-၂၀၂၅)ရက်စွဲပါမြန်မာ့အလင်း သတင်းစာ စာမျက်နှာ-၂၁တွင်ပါရှိသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေမှ ကြေညာသော" ကန့်ကွက်နိုင်ပါသည်"တွင် **"ဦးဇော်မင်းနိုင်"** အစား **"ဦးအောင်မင်းနိုင်"**ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/70723 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်ဦး ၉/ကဆန(နိုင်)၁၂၁၁၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/38773 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၉/အမဇ(နိုင်)၀၂၈၃၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အထက(မိုင်းနား)ကျောင်း၊ Grade-12(Eco)တန်းမှ မောင်ဆွတ်ထိန်အောင်၏ ဖခင် ဦးအင်ခုန်းဘရန်မိုင်(ခ)ဦးဘရန်မိုင် ၁/ဝမန(နိုင်)၀၃၆၉၉၈ သည် တစ်ဦးတည်းဖြစ်၍ ၎င်း၏မိခင် ဒေါ်ခေါန်ရော်(ခ)ဒေါ်ခွမ်ခေါန်ရော် ၁/ဝမန(နိုင်)၁၂၄၅၆၄ သည် တစ်ဦးတည်း ဖြစ်ပါသည်။

### အမည်ဖြည့်စွက်နှင့်တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အထက(၁)၊ Grade-10($S_1$) မှ မဖြူနှင်းဖွေးအား မစွဲ့ဖြူနှင်းဖွေးဟု အမည်ဖြည့်စွက်ခေါ်ပါရန်နှင့် ၎င်း၏ဖခင် ဦးအောင်ရွှေလေး(ခ)ဦးအောင်ရွှေ ၅/ဗမန(နိုင်)၀၂၇၃၁၃ သည် တစ်ဦးတည်းဖြစ်၍ ၎င်း၏မိခင် ဒေါ်ထွေးထွေးခိုင်(ခ)ဒေါ်စွဲ့ထွေးထွေးခိုင် ၁/ပတအ(နိုင်)၀၅၄၃၅၇ သည် တစ်ဦးတည်း ဖြစ်ပါသည်။

### အမည်ဖြည့်စွက်နှင့်တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ All Star ကိုယ်ပိုင်အထက်တန်းကျောင်း ၊ Grade-12(C) မှ မခင်ဦးဝေအား မစွဲ့ခင်ဦးဝေဟု အမည်ဖြည့်စွက်ခေါ်ပါရန်နှင့် ၎င်း၏မိခင် ဒေါ်ထွေးထွေးခိုင်(ခ)ဒေါ်စွဲ့ထွေးထွေးခိုင် ၁/ပတအ(နိုင်)၀၅၄၃၅၇ သည် တစ်ဦးတည်း ဖြစ်ပါသည်။

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 56W/26098 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6599 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/5884 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### မိဘအမည်မှန်

ပန်းတနော်မြို့နယ်၊ အထကမရမ်း၊ Grade-12မှ နော်စေးဖော၏ မိဘအမည်မှန်မှာ စောဖိုးရိုစီ ၁၄/ပတန(နိုင်)၀၁၈၆၂၇ နှင့် ဒေါ်မိချိုထွေး ၁၄/ပတန(နိုင်)၂၁၀၆၈၉ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/30139 New CZI 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီလွင် ၁/မညန(နိုင်)၁၁၉၀၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### အများသိစေရန် အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၇)၊ ဦးပိုင်အမှတ် (၃၃/ခ)၊ ဧရိယာ ၀ ဒသမ ၀၄၀ ဧကရှိ ဘိုးဘပိုင်မြေသည် ခရိုင်လက်ကား သမဝါယမအသင်းလီမိတက် အမည်ပေါက်လျက်ရှိပြီး၊ မော်လမြိုင်မြို့နယ် သမဝါယမဦးစီးဌာနအမည်သို့ အမည်ပြောင်းလဲသတ်မှတ်ရန်အတွက် မြို့နယ်မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားခဲ့ရာ ဖော်ပြပါမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ(၁)လအတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိရှိရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/46455 New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံစိုး ၁၄/ညတန(နိုင်)၁၈၄၆၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/98012 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကြူကြူဆွေ ၁၄/အမန(နိုင်)၂၀၇၇၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/3479 BAJAJ RE45 3Wheel Vechicle ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လှိုင်မင်း ၉/အမရ(နိုင်)၁၁၇၁၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၆၆၅၊ ၆၆၆)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဒေါ်နန်းစောမြနန္ဒာဝေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၅၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးလွင် ၁၀/သဖရ(နိုင်)၀၆၂၁၃၃ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပြည့်ဖြိုးထွန်း ၉/ပမန(နိုင်)၁၃၁၄၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၃၉၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးဇော်လတ် ၇/ပမန(နိုင်)၁၂၀၄၆၅ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်စုမင်းထွေး ၁၂/ဒဂတ(နိုင်)၁၁၃၀၃၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ် (၅၅၆/၉၄၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်မြတ်မြတ်စိုး ၉/ပမန(နိုင်)၀၅၆၃၄၄ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်သက်ငုံဖူး ၉/ပမန(နိုင်)၁၇၅၄၉၅ နှင့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည် ။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/2510 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၂၈

ဒေါ်ဥမ္မာသက် နှင့် ၁။ ဦးရဲနိုင်(ခ)ရဲရင့်နိုင်(ခ)ရဲရွှေ
၂။ ဦးထွန်းထွန်းဦး

အယူခံတရားလို အယူခံတရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၀ ပြည့်နှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၉၇၈၏ ၂၀၂၃ ခုနှစ်၊ မေ လ ၁၂ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၈)လမ်း၊ အပိုင်း(၂)၊အမှတ် ၂၂၄ နေ အမှတ်(၁) အယူခံတရားပြိုင် ဦးရဲနိုင်(ခ)ရဲရင့်နိုင်(ခ)ရဲရွှေနှင့် အမှတ်(၂) အယူခံတရားပြိုင် ဦးထွန်းထွန်းဦး(ယခုလိပ်စာမသိသူများ)တို့ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့်ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (၁၃၈၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင်တို့အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေမလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( တင်မေလတ် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရုံးချုပ်)တွင် လုံခြုံရေးလုပ်ငန်းဆောင်ရွက်ရန် အတွက် လုံခြုံရေးကုမ္ပဏီငှားရမ်းခြင်းတင်ဒါ**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်) တွင် လုံခြုံရေးလုပ်ငန်း ဆောင်ရွက်ရန် စာချုပ် ချုပ်ဆိုသည့်ရက်မှ (၁)နှစ်သက်တမ်း ကာလဖြင့် လုံခြုံရေးလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါတင်သွင်းလွှာ** | - | (၁၇-၉-၂၀၂၅)ရက်မှ |
| **ပုံစံရောင်းချမည့်ရက်** | | (၃၀-၉-၂၀၂၅)ရက်အထိ |
| **တင်ဒါပိတ်သိမ်းမည့်ရက်အချိန်** | - | (၃၀-၉-၂၀၂၅)ရက်၊ ညနေ(၁၆:၃၀)နာရီအထိ |
| **တင်ဒါတင်သွင်းရန်နေရာ** | - | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စံပယ်အိမ်ရာရှေ့၊ ပြည်ကြီးဖေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ကြော်ငြာသင်ပုန်းတွင် ပါရှိသည့်ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင် ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အစားအသောက်နှင့် ဆေးဝါကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဖေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ဖုန်း-၀၆၇၃-၄၀၃၈၇၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၅

ဒေါ်ဝင်းမင်းစိုး (ခ) တူးတူး **နှင့်** ဦးစောလှိုင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ (၁၀)လမ်း၊ အမှတ် (၁၄၉)နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဖြစ်သော ဦးစောလှိုင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှု၌စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၉ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် ဤအမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စုမွန်ထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/8356 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၅ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၃၂၉

မင်းကျန်စစ်(Minn Kyin Sitt Group of Company) (၎င်း၏မန်နေဂျင်းဒါရိုက်တာ ဦးနန္ဒာလှမြင့်) (ကုမ္ပဏီ၏ တာဝန်ပေးအပ်ခြင်းခံရသူ-ဦးရိုန်မင်းဦး) **နှင့်** ဦးလှစိုး (အခွင့်ရကိုယ်စားလှယ်-ဦးသန်းထွန်း)
**(အယူခံတရားလို)** **(အယူခံတရားပြိုင်)**

၂၀၂၅ခုနှစ် မတ်လ ၁၈ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၉၀၅/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း၊ (၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၃၃၁)နေ အယူခံတရားပြိုင် ဦးလှစိုး (အခွင့်ရကိုယ်စားလှယ်-ဦးသန်းထွန်း) (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၇ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ရက်)တွင်ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၇၆၂)၊ မြေရီယာ ၀ ဒသမ ၁၄၆ဧကရှိ ဒေါ်မွှေးမို့မို့(ဘ)ဦးဆန်နီထွေး ၁၂/ရပသ(နိုင်)၀၃၉၄၅၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်မွှေးမို့မို့ မှ ဦးသူရအောင်(ဘ)ဦးကျော်စိုး ၁၂/ဥကမ(နိုင်)၁၉၂၉၆၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၀၆၉၅)၊ မြေရီယာ ၀ ဒသမ ၁၅၈ဧကရှိ ဦးသန်းစိုး(ဘ)ဦးအောင်ဆန်းဦး၉/ပမန(နိုင်)၁၂၂၉၉၇ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးသန်းစိုးမှ ဒေါ်ဖူးပွင့်သွယ် (ဘ)ဦးသိန်းသန်းဦး ၉/အမဇ(နိုင်)၁၀၀၀၆၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၆၇၆)၊ မြေရီယာ ၀ ဒသမ ၀၈၂ဧကရှိဒေါ်သီတာမြင့်(ဘ)ဦးစိုးမြင့် ၁၂/မဂတ(နိုင်)၀၀၄၁၀၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်သီတာမြင့် မှ ဦးကျော်သက်(ဘ)ဦးပြား ၉/လဝန(နိုင်)၁၉၁၉၆၅ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရီယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးကောင်းစံ ၉/ပမန(နိုင်)၀၀၉၂၈၄ (ဘ) ဦးစာ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၈၀၆[အေ]) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၃၃/၂၀၂၂ (၆-၁၀-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုးလင်းမောင် ၉/ပသက(နိုင်)၀၇၆၄၆၁(ဘ)ဦးစိုးမောင်မှ ဒေါ်ဆွေဆွေစံ ၁၁/စတန(နိုင်) ၀၇၀၀၉၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပုဗ္ဗသီရိ/ဇဝနဒီပရပ်ကွက်၊ ဇီဇဝါ(၁)လမ်း၊ ဦးပိုင်/မြေကွက်အမှတ်(၃၀၅၀၈)၊ မြေတိုင်းရပ်ကွက်အမှတ်/အမည်(၇/မြို့မအနောက်)၊ အလျား ၆၀ပေ x အနံ ပေ၄၀၊ မြေရီယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ရွှေခရေဖူး (ဘ) ဦးကျော်ရွှေ ၁၂/ရကန(နိုင်)၀၀၆၀၀၅ အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးပြည့်ဝဖိုလ်(ဘ)ဦးဝင်းဖိုလ် ၉/တကန(နိုင်)၁၆၆၄၆၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေအောင် (ဘ) ဦးညွန့်ဦး ၉/ပမန(နိုင်)၁၄၆၁၁၉မှ ၁၆-၉-၂၀၂၅ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီး ဖြစ်ပါသည်။ အိမ်ဝိုင်းမြေကွက်နှင့် အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို တရားဝင် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေထံသို့၊ သို့မဟုတ် ကျွန်ုပ်ထံသို့ယခုကြေညာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကြေညာစာပါ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်ပြီး အမည်ပြောင်းခြင်းဆိုင်ရာကိစ္စရပ်များကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မျိုးထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၉၃)**
**ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၇၉၇၆၄၀၂၂၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၂ )၊ မာဃ (၁၁)လမ်း၊ မြေကွက်အမှတ် ( ၈၅၇/ခ )၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဦးသန်းလှိုင် (၁၂/ဥကတ(နိုင်)၁၁၂၉၇၇) အမည်ပေါက်နှစ်(၆၀)ဂရန် မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်မြသိန်း(၁၂/ဥကတ(နိုင်)၀၂၃၅၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## အများသိစေရန် ကန့်ကွက်စာ

ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်၊ နယ်မြေ(၂)နေ(ဘ) ဦးမောင်ထွေး၏သား ဦးညဏ်လင်းနိုင် ၁၃/ရစန(နိုင်) ၁၀၂၂၅၅မှ လွယ်ကိုးကျေးရွာရှိ ဦးပိုင်အမှတ်၄၆ (၂ဒသမ၆၅)ကေခြံ၊ ဇော်ဂျီရပ်ကွက်ရှိ ကွင်းအမှတ် ၁၂ က-၄၊ ဦးပိုင်အမှတ် ၁၆၀ မြေကွက်နှင့် နဂါးညီနောင်လိုင်းရှိ 2I-5621 KINGLONG အမျိုးအစားအဖြူရောင်မော်တော်ယာဉ်တို့သည် အမွေကျန်ပစ္စည်းများဖြစ်သဖြင့် လွှဲပြောင်းရောင်းချခြင်းများ၊ အခြားနည်းဖြင့်အမည်ပြောင်း၍ မှတ်ပုံတင်စာချုပ်များ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ဝယ်ယူသူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်အပ်ပါသည်။

**ဦးညဏ်လင်းနိုင် ၁၃/ရစန(နိုင်)၁၀၂၂၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအိမ်ရာစီမံကိန်း အပိုင်း(၁)၊ တိုက်အမှတ် (၂၉)၊ အခန်းအမှတ်(၁၀၇)အား ဦးကျော်အေး ၉/ကဆန (နိုင်) ၀၁၀၅၈၇က ၎င်းအမည်ဖြင့် ဌာနမှထုတ်ပေးထားသော တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံစာအုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါ က ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ မြေကွက် အမှတ် (၃၆)၊ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အအုံမှ ပထမထပ်(B)၊ အလျား၁၂ပေခွဲxအနံပေ၅၀ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်များအား ရောင်းချသူ ဒေါ်သီတာထွန်း ၈/သရန(နိုင်)၀၄၇၁၈၀က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဥက္ကာ ၅/ရဘန(နိုင်)၁၃၀၅၃၂ မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် စရန်ငွေ ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် LL.B Diploma in Business Law**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၇၅)၊ ဗမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေရီယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ်(ပ-၂၃၈၂၇)ကို အမည်ပေါက် ဦးစန်းမျိုးဦး၊ ဒေါ်ဝင်းမင်းဇော်(ဘ)ဦးကျော်ဆွေလင်း၊ ဦးဖေသန်း ၁၂/ဒဂမ(နိုင်)၀၂၁၆၂၂၊ ၁၂/တမန(နိုင်)၀၆၂၇၃၀မှ ဒေါ်ကျော့ကျော့ခိုင်ရှိန် (ဘ) ဦးကျော်ရှိန် ၉/မထလ(နိုင်)၁၇၆၇၄၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ ရွှေကြာပင်၊ မြေကွက်အမှတ်(ဇ-၆၀၁၂)၊ ရီယာ ၀ ဒသမ ၁၃၁ဧကရှိ ဒေါက်တာသိန်းဝင်း(ဘ)ဦးကျော်သောင်း ၈/ရစက(နိုင်) ၀၆၂၉၈၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အားအမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်သီတာခင်လေး (ဘ)ဦးခင်မောင်ဆန်း ၉/ကပတ(နိုင်)၀၀၁၇၃၀ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ထက် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8(S-2)မှ မခင်ပြည့်စုံထွန်းနှင့် Grade-2(S-2) မှ မချစ်ပိုးဝတီထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဖေယျာထွန်း ၁၂/ရပသ(နိုင်)၀၃၉၄၇၈ ဖြစ်ပါကြောင်း။

**ဦးအောင်ဖေယျာထွန်း**

## ဖခင်အမည်မှန်

အဝေးသင်တက္ကသိုလ်(တောင်ငူ)၊ ပထမနှစ်(သမိုင်း)မှ မောင်ဇာနည်ဦး၏ ဖခင်အမည်မှန်မှာ ဦးအေးသောင်း ၇/ဖမန(နိုင်)၁၀၂၀၆ဒ ဖြစ်ပါကြောင်း။

**ဦးအေးသောင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ-ထ-က(မဒေါက်)ကျောင်း Grade(11) မှ မဝတ်ရည်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၇/ညလပ(နိုင်)၁၂၆၆၇၈ ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အထက (ရွှေကျင်)ကျောင်း (Grade-8)မှ မတေးကဗျာလှိုင်နှင့်Grade(3)မှ မောင်မိုးသီဟနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝေဖြိုး ၇/ရကန(နိုင်)၀၄၉၀၃၃ ဖြစ်ပါကြောင်း။

**ဦးဝေဖြိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/7785 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်အေး ၉/မထန(နိုင်)၀၉၅၃၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်) ပြည်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/3578 Suzuki Ertiga S/W(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြည် ၁၂/ကမတ(နိုင်)၀၄၉၁၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊
## စွယ်တော်မြတ်စေတီတော်အနီး
## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက်
## ဒီပလိုမာ(၁)နှစ် သင်တန်းတက်ရောက်ခွင့် လျှောက်လွှာများခေါ်ယူခြင်း

၁။ **အရည်အချင်းသတ်မှတ်ချက်**

(က) ပြည်တွင်းရဟန်းတော်များသည် ဓမ္မာစရိယတန်း အောင်မြင်ပြီး ဖြစ်ရမည်။

(ခ) ပြည်တွင်းသာသနာ့နွယ်ဝင် သီလရှင်များသည် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိရမည် (သို့မဟုတ်) ဓမ္မာစရိယတန်း အောင်မြင်ပြီး ဖြစ်ရမည်။

(ဂ) ပြည်တွင်းလူပုဂ္ဂိုလ်များ(ကျား/မ)သည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။

(ဃ) ပြည်ပလျှောက်လွှာရှင်များသည် သက်ဆိုင်ရာ အစိုးရပညာရေး ဌာနက ကျင်းပသော တက္ကသိုလ်ဝင်တန်းအဆင့် အောင်မြင်သူ ဖြစ်ရမည်။

(င) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော၊ အကြား ကျွမ်းကျင် ရမည်။

(စ) အသက် (၁၈)နှစ် မှ (၄၅)နှစ်အတွင်းရှိသူ ဖြစ်ရမည်။

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်လက်မှတ် ပါရှိရမည်။

(ဇ) ပညာအရည်အချင်း အောင်လက်မှတ်မူရင်းများကို လျှောက်လွှာနှင့် အတူ ပူးတွဲတင်ပြရမည်။

၂။ **ဝင်ခွင့်စာမေးပွဲ**

(က) **ဝင်ခွင့်လျှောက်လွှာပိတ်ရက်** – ၁၆–၁၂–၂၀၂၅ ရက်

(ခ) **ဝင်ခွင့်စာမေးပွဲ ရေးဖြေကျင်းပမည့်ရက်**– ၀၉–၀၁–၂၀၂၆ရက်

(ဂ) **ဝင်ခွင့်စာမေးပွဲ နှုတ်ဖြေကျင်းပမည့်ရက်** – ၁၀–၀၁–၂၀၂၆ရက်

(ဃ) ဝင်ခွင့်စာမေးပွဲ (ရေးဖြေ၊ နှုတ်ဖြေ)

(၁) အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရမည့် မေးခွန်းလွှာများ

(ကက) တက္ကသိုလ်ဝင်ခွင့်အဆင့်ရှိ အင်္ဂလိပ်ဘာသာ မေးခွန်းလွှာ

(ခခ) အခြေခံဗုဒ္ဓဘာသာ ဗဟုသုတမေးခွန်းလွှာ

(၂) အင်္ဂလိပ်ဘာသာဖြင့် လူတွေ့ဖြေဆိုခြင်း

(င) ဝင်ခွင့်စာမေးပွဲများကို မြန်မာနိုင်ငံအတွင်းမှ ဖြေဆိုမည့် ပြည်တွင်း၊ ပြည်ပလျှောက်လွှာရှင်များသည် ဤတက္ကသိုလ်၌ လည်းကောင်း၊ ပြည်ပမှဖြေဆိုမည့် ပြည်ပလျှောက်လွှာရှင် များသည် Online မှနေ၍ Zoom Video Conferencing ဖြင့်လည်းကောင်း ဖြေဆိုရမည် ဖြစ်ပါသည်။

၃။ **သတင်းအချက်အလက်**

(က) ၂၀၂၆ ခုနှစ်၊ ဇွန်လ ပထမပတ်တွင် ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် စတင်ဖွင့်လှစ်ပါမည်။

(ခ) ပညာဆည်းပူးနေစဉ် ကာလတစ်လျှောက် ပြည်တွင်း သင်တန်းသား ရဟန်း တော်များ၊ ပြည်ပသင်တန်းသားများ၏ ပညာရေးနှင့် နေထိုင်စားသောက်ရေးတို့ကို တက္ကသိုလ်က တာဝန်ယူပေးမည်။

(ဂ) ပြည်တွင်းသင်တန်းသားသီလရှင်များ၏ နေထိုင်ရေးအတွက် တက္ကသိုလ်တွင် အဆောင်နေရာလစ်လပ်ပါက စီစဉ်ပေးမည်။

(ဃ) သင်တန်းများ၏ ပညာသင်ကြားမှု စဉ်ဆက်မပြတ်စေရေး အတွက် သက်ဆိုင်ရာ ပညာသင်နှစ်အတွင်း လိုအပ်ပါက Online Classroom Teaching System ဖြင့် သင်ကြားရေး စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(င) အသေးစိတ်အချက်အလက်များကို ITBMU Website: www.itbmu.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မော်ကွန်းထိန်း ဖုန်း–(၀၁–၆၅၀၇၁၂)**

**Email: itbmu.registrar@gmail.com**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် –၈၇

၁။ ဒေါ်ခင်မာရီ **နှင့်** ဒေါ်တင်လှ
၂။ ဒေါ်ခင်မာဝင်း
၃။ ဒေါ်ခင်မာသက်

**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၇) လမ်း၊ အမှတ်(၅၆၂)နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင်ဖြစ်သောဒေါ်တင်လှ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ (သို့မဟုတ်)၎င်းအမှု၌စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူသင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြော ဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ နံနက်၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင်ရုံးသို့ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် ဤအမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။ **(စုမွန်ထွေး)**

**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ရက်
## (၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးချုပ်) ရန်ကုန်တွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံ သူများ လျှောက်ထားနိုင်ပါသည်–

(က) **ဦးစီးအရာရှိ – လစာနှုန်းကျပ်** **(၇)နေရာ**
**(၂၇၅၀၀၀–၄၀၀၀–၂၉၅၀၀၀)**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(၂) ၁၇–၁၀–၂၀၂၅ ရက်တွင် အသက် (၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

(၃) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ မဟာဘွဲ့နှင့် အထက်ရရှိသူများ၊ ကွန်ပျူတာကျွမ်းကျင်သူ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများကို ဦးစားပေးမည်၊

(၄) ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်း အောင်မြင်ပါက စိတ်ပညာ ဆန်းစစ်မှုကို ခံယူရမည်ဖြစ်ပြီး အောင်မြင်သူကိုသာ ရွေးချယ်ခန့်ထားမည်ဖြစ်သည်။

(၅) ရွေးချယ်ခံရပါက ကော်မရှင်ကစေလွှတ်မည့် သင်တန်းများ တက်ရောက်နိုင်ရမည်ဖြစ်ပြီး ကော်မရှင်နှင့်အနည်းဆုံး (၃)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက် လက်မှတ်ရေးထိုးရမည်။

(ခ) **ဒုတိယလူ့အခွင့်အရေးဦးစီးမှူး – လစာနှုန်းကျပ်** **(၅) နေရာ**
**(၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(၂) ၁၇–၁၀–၂၀၂၅ ရက်တွင် အသက် (၃၀)နှစ်ထက်မကျော်သူ ဖြစ်ရမည်၊

(၃) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်၊

